TWO CATS PUBLICATION
မောင်မျိုး
စီစဉ်သည်



# စံဓာတ်ကို ယူစေသော ယတြာများ

# စံရာလီဘို

## ယူစေသော်

# ယတြာများ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၆၅၀/၂၀၀၂ ( ၇ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၇၂/၂၀၀၃ ( ၃)
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ခုနှစ်၊ ဧပြီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀/
မျက်နှာဖုံးပန်းချီ
စိုးဝင်းငြိမ်း
အတွင်းသရုပ်ဖော်
စောမင်းဝေ

| | |
|---|---|
| သေကံမရောက် သက်မပျောက် | ၇ |
| ဈေးရောင်းကောင်း လာဘ်ပွင့် | ၁၃ |
| အရွယ်လွန်ပေမယ့်လည်း စုံစေရမည် | ၁၉ |
| တကယ်ချမ်းသာသွားပြီ | ၂၅ |
| ဗာရာဏသီနည်း | ၃၁ |
| လူစည်သောစားသောက်ဆိုင် | ၃၇ |
| ကြံပင်စိုက်၍ သူကြွယ်ဖြစ်ခြင်း | ၄၃ |
| စနေနေ့နံနက် (၆) နာရီ (၄၅) မိနစ် | ၄၉ |
| ခမည်းပေးခြင်း | ၅၇ |
| ကြေးကိုးပါးနှင့် ကြီးပွားခြင်း | ၆၃ |
| ဘာဆုတောင်းမလဲ | ၆၉ |



# သေကံမရောက်၊ သက်မပျောက်

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကျွန်ုပ်သည် ကျန်းမာရေး အညံ့ကြုံကြပြီး အဖျားရောဂါရှည်နေသူများ၊ အနာနှင့် ဆေးမတွေ့၍ ဆေးကု၊ ဆေးစားသော်လည်း ဝေဒနာမသက်သာသောသူများနှင့် တွေ့ခဲ့ဖူးသည်။ ကျန်းမာရေးအတွက် ဗေဒင်နည်းပညာနှင့် အထောက်အကူပြုသောနည်းပညာ မြောက်မြားစွာ ရှိပါသည်။ ရှေးရိုးဗေဒင်ကျမ်းဂန်များတွင် ဗေဒင်နှင့်ညှိ၍ ဆေးကုသမှုနည်းများစွာရှိ၏။ အကြောင်းအားလျော်စွာ အလွန်လွယ်ကူ၍ ကရိကထမများသော နည်းစနစ်တစ်ခုအား လေ့လာဖူးသည်။ အခွင့်အရေးရတိုင်း အသုံးပြုကြည့်သည်။ ထူးခြားစွာ လက်တွေ့အသုံးဝင်ကြောင်းတွေ့ရသည်။

မိမိနှင့် ပတ်သက်နေသော ဝန်းကျင်တွင် မမာမကျန်းဖြစ်နေသူများအား ရှေးမြန်မာရိုးရာ ဗေဒင်နည်းပညာနှင့် သတ္တဝါတို့ အသက်

ကယ်တင်စေခြင်းအလို့ငှာ ဤနည်းပညာကောင်းတစ်ရပ်အား တင်ပြအပ်ပါသည်။

ပထမဦးစွာ လူနာ၏ အသက်ကိုမေးပါ။ အသက်ကိုယူရာတွင် ပြည့်ပြီးအသက်ကို တစ်နှစ်တိုး၍ ယူရသည်။ မြန်မာ့ရိုးရာအရ အသက် (၂၀)ပြည့်ပြီးက (၂၁)နှစ်၊ (၄၄)နှစ်ပြည့်ပြီးက (၄၅)နှစ် စသည့်အတိုင်း ယူရသည်။

၎င်းလူနာ၏ အသက်ကိုတည်၍ ကောဇာသက္ကရာဇ်နှင့်ပေါင်းပါ၊ ဆိုလိုသည်မှာ မြန်မာပြက္ခဒိန်တွင် ယခုရောက်ရှိနေသော နှစ်နှင့်ပေါင်းရန် ဆိုလိုသည်။

၎င်းအသက်နှင့် ကောဇာသက္ကရာဇ်ပေါင်း၍ ရသောရလာဒ်ကို (၃)နှင့် မြှောက်၍ (၇)နှင့်စားကာ အကြွင်းကိုမှတ်၍ ၎င်းအကြွင်းအလိုက် ယတြာပြုလုပ်ရန် ဖြစ်သည်။

**ဥပမာပြလိုသည်မှာ အသက် (၆၇)နှစ် ရောက်ရှိနေသော လူမမာတစ်ဦးသည် ၁၃၆၂ ခုနှစ်တွင် ကျန်းမာရေးတွင် အညံ့ကြုံနေသည်ကို ယတြာပြုမည်။**

လူနာ၏အသက် = ၆၇

ကောဇာသက္ကရာဇ် = ၁၃၆၂

လူနာအသက် + ကောဇာသက္ကရာဇ်

= ၆၇ + ၁၃၆၂

= ၁၄၂၉

ရလာဒ် × ၃ = ၁၄၂၉ × ၃ = ၄၂၈၇

၎င်းဂဏာန်းကိန်းကို (၇)နှင့် စားရမည်ဖြစ်ရာ...

၄၂၈၇ ÷ ၇ = ၆၁၂ * (၃) ကြွင်း

ငှင်းအကြွင်း (၃)သည် ယတြာချေရန်အတွက် အသုံးပြုရမည်။

ဤပေးထားသော ဥပမာအတိုင်း အကြွင်းကိုရှာ၍ လူနာများအား အသက်ကယ်၊ ကံတက်စေရန်ပြုပါ။

(၁) ကြွင်း

ဘုရားတွင် ဆီမီးထွန်းပါ။ ဆီမီးခက်ခဲက ဖယောင်းတိုင် (၉)တိုင်ထွန်းနိုင်ပါသည်။

(၂) ကြွင်း

ရွှေကြာသက်န်းလှူပါ။ ဘုရား၊ ပုထိုး၊ သိမ်တို့တွင်ရှိသော ဆင်းတုတော်တွင် လှူဒါန်းကပ်လှူပါ။ ရွှေကြာသင်္ကန်းကပ်လှူရန် ခက်ခဲက ဘုန်းကြီးကျောင်းတွင် ကြာပန်းနှင့် သင်္ကန်းတွဲ၍ ကပ်လှူနိုင်ပါသည်။

(၃) ကြွင်း

ရုက္ခစိုးနတ်ကို ပူဇော်ပါ။ သစ်ကိုင်း (၇)ဆင့် အထက်ရှိသော သစ်ပင်ကြီးအောက်တွင်ဖြစ်စေ။ ကွမ်း၊ ဆေး၊ လက်ဖက်၊ မုန့်ဖြူ၊ မုန့်နီ၊ ပန်းဖြူ၊ ပန်းဝါကပ်လှူ၍ ယတြာပြုကာ လူမမာအတွက် လိုရာဆန္ဒပြုပါ။

(၄) ကြွင်း

ငါးအရှင်အကောင်ရေ သက်စေ့လွှတ်၍ လူမမာအတွက် ယတြာပြုပါ။

(၅) ကြွင်း

သံဃာများအား ဆွမ်းကပ်လှူပါ။ အိမ်ပင့်၍ဖြစ်စေ၊ ဆွမ်းချိုင့်၊ ဆွမ်းအုပ်ကပ်လှူ၍ဖြစ်စေ လူမမာအတွက် ရည်စူး၍လှူဒါန်းပါ။

(၆) ကြွင်း

အိပ်ရာနေရာ ယာယီပြောင်းပါ။ ကုတင်၊ အခန်းပြောင်းရွှေ့ အိပ်ပါ။ လူမမာ၏ နေရာဟောင်းကို တရော်ကင် ပွန်းနှင့်ဆေးပါ။ ထူးခြားအံ့။

(၀) ကြွင်း

တံတားခင်းခြင်း၊ ညောင်ထောက်ခြင်းများ၊ လူမမာအတွက် ရည်စူးပြီးဆောင်ရွက်ပေးပါ။

ဤကား မြန်မာ့ရိုးရာနည်းပညာစစ်ဖြစ်သည်။ ဤနည်းဖြင့် အလွန်စိုးရိမ်ဖွယ်ရှိသောဝေဒနာသည်အထိ လက်တွေ့အသုံးချပြီး ပြုခဲ့ ယတြာပေးခဲ့ပါသည်။ လက်တွေ့ထူးခြားသည်။ ဤပညာရပ်နှင့် လူမမာ များအား ကိုယ်တိုင် အထောက်အထူပြုနိုင်ကြပါစေ။

**( စံဇာတိဘို )**



# ဈေးရောင်းကောင်း၊ လာဘ်ပွင့်


SUN
10

ကျွန်ုပ်သည် ပေဒင်စာအုပ်၊ ကျမ်းများဖတ်၍ အရောင်းအဝယ် ဈေးရောင်းကောင်းသောနည်း၊ လာဘ်ပွင့်၍ အရောင်းပွင့်စေသော နည်းကို မှတ်သားထားခဲ့ဖူးသည်။ လူမျိုးမရွေး၊ ဘာသာမရွေး လုပ်နိုင်သော ဓာတ်ဆင်သော အနေအထားရှိသည့် နည်းတစ်ခုကို တင်ပြပါမည်။ အလွန်ရှေးကျ၍ ပျောက်ကွယ်လုနီးပါးဖြစ်နေသော နည်း ဖြစ်သည်။

ရှေးယခင်က ဈေးရောင်းထွက်ကြသောသူများသည် အိမ်မှ အထွက် နေ့အလိုက် နံနက်စာကို ဓာတ်ပွင့်၊ လာဘ်ပွင့်အောင် စတိစားသောက်ပြီးမှ ထွက်ကြသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

ဈေးကြီးများတွင် ဆိုင်ဖွင့်သူများ၊ ပွဲရုံများ၊ စုံစီနဖာရောင်းသော သူများမှအစ စိန်ထည်၊ ပိုးထည်၊ ရတနာအလုံးစုံ တည်ခင်းရောင်းချ သူများအဆုံး၊ ကြီးမားသော အရောင်းအဝယ်အတွက် ဈေးခေါ်၊ ဈေးပြောရန် ချိန်းဆိုထားသူများအတွက်ပါ သုံးစွဲနိုင်သော နည်းပညာ တစ်ခုကို ဖြန့်ဝေတင်ပြအပ်ပါသည်။ နေ့အလိုက် အရောင်းကိစ္စ ဆောင်ရွက်ရန် အိမ်မှအထွက် ပြုဆောင်ရမည်။

**တနင်္ဂနွေနေ့**

တနင်္ဂနွေနေ့တွင် အရောင်းအဝယ်ကောင်း၊ ဈေးခေါ်ကောင်း၊ ဈေးရောင်းကောင်းရန်အတွက်၊ ငါးပိဖုတ်နှင့် ထမင်းစားသုံးပြီး အိမ်မှ ထွက်ပါ။

**တနင်္လာနေ့**

တနင်္လာနေ့တွင် ဈေးရောင်းသွက်၊ အရောင်းကောင်းလာဘ်ပွင့် စေရန် အိမ်မှအထွက်ရေချိုး၍ ဆားအနည်းငယ်လျှာဖြင့်လျက်၍ အိမ်မှ ထွက်ကာ အရောင်းပြုပါ။

**အင်္ဂါနေ့**

အင်္ဂါနေ့အထွက် ဈေးရောင်းသွက်၊ ငွေဝင် လာဘ်ပွင့်စေရန် အတွက် အိမ်မှအထွက် ထန်းလျက်အနည်းငယ် စားသုံး၍ လိုရာဆောင် ရွက်ပါ။

**ဗုဒ္ဓဟူးနေ့**

ဗုဒ္ဓဟူးနေ့တွင် လာဘ်ပွင့်၊ ငွေဝင် စီးပွားတက်ရန်အတွက် အရောင်းအဝယ်ကောင်းစေရန် ရှောက်ယို အနည်းငယ်စား၍ အိမ်မှ ထွက်ကာ အရောင်းအဝယ်ပြုပါ။

**ကြာသပတေးနေ့**

အရောင်းအဝယ်ကိစ္စပွင့်စေရန် ဈေးရောင်းရန် အိမ်မှအထွက် ငှက်ပျောသီးစား၍ထွက်ပါ။

**သောကြာနေ့**


ရေမိုးချိုး အဝတ်အစားလဲပြီးနောက် အိမ်မှထွက်ခါနီး နောက်ဆုံးအချိန် သဘော်သီးမှည့်စား၍ ထွက်ပါ။

**စနေနေ့**

ကတက်ချဉ်နှင့် ထမင်းစားပြီး အိမ်မှထွက်ပါ။ ၎င်းနေ့တွင် ဖောက်သည်ဟောင်း ဖောက်သည်သစ်များနှင့် အရောင်းအဝယ်စည်အံ့။

ဤနည်းကို ကျွန်ုပ်လက်တွေ့ သုံးစွဲပါသည်။ အစဉ်သင့်သလို ပေးပါသည်။ အကုန်အကျနည်းပါး၍ လုပ်ကိုင်၍ လွယ်ကူသော နည်းဖြစ်ပေရာ၊ သင်ကိုယ်တိုင် လက်တွေ့စမ်းသပ် သင့်လှပါသည်။

✿ ✿ ✿



# အရွယ်လွန်ပေမယ့်လည်း ခွံ့စေရမည်


ကယ်ကြပါဦး...ရှင့်

အရွယ်လွန်ဟန်မကျ အပျိုကြီးလူပျိုကြီးများအတွက် ထူးခြားစွာ စန်းပွင့် မေတ္တာရေး၊ အိမ်ထောင်ရေးနှင့် ပီယဓာတ်ကောင်း၍ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေစေရန် နည်းကောင်းတစ်ခု ရှိပါသည်။

ကျွန်ုပ်၏ မိတ်ဆွေအပျိုကြီးတစ်ဦးရှိပါသည်။ အရွေးလွန်၍ လည်းကောင်း၊ ငဲ့ရညာရ ပေးဆပ်ရနှင့် အရွယ်ကောင်းစဉ်က ပိုင်းပိုင်း လည်နေသော ပိုးပန်းသူများက သူမအားကျော်၍ အခြားသူများက သူမအားကျော်၍ အခြားသူများနှင့် အိမ်ထောင်ကျကာ သားသမီးများပင် ရကြပေသည်။ ယခုကာလ၌ ပိုးပန်းသူမရှိ အားကိုးအားထားဖွယ် ဆေးပေးမီးယူမရှိ။ ယောက်ျားလိုချင်သည် မဟုတ်သော်လည်း ညီမ အိမ်နေရ၊ အစ်ကို၊ အစ်မအိမ်နေရ။ ဟိုလူနောက်၊ ဒီလူပြောင်

အတည်တကျ မရှိ။ လုပ်ငန်းခွင်၌လည်း ဟိုလူရိသဲ့သဲ့၊ ဒီလူရိသဲ့သဲ့။ ကြာပန်းမရှိသော ရေကန်အလား မတင့်မတယ် ဖြစ်နေပြီး အထီးကျန်စွာ ခံစားနေရသည်။

ငယ်ရွယ်စဉ်ကာလမှပင် အနောက်အရှေ့ အလွန်သန်သော ကျွန်ုပ်သည်ပင် သူမအားကြည့်ကာ ပြောလာသောစကားများ နားထောင်ကာ မနောက်မပြောင်ရက်လောက်အောင်ပင် ဖြစ်မိပါသည်။

ကာလအတန်ကြာ သိမ်းဆည်းထားသော မှတ်စုအတွင်းမှ နည်းပညာတစ်ခုအား ပြန်လည်လှန်လှောရှာဖွေကာ ဥပါယ်တံမျဉ်ဖြင့် ယတြာတစ်ခု သူမကို ပေးလိုက်ပါသည်။ ပြောရာ၌မူ "အလုံးစုံ စိတ်ချမ်းသာပြီး ဘဝတွင် ပြည့်စုံစေရန် ပေးသည်"ဟု ပြောခဲ့၏။ များမကြာမီကာလအတွင်း ဟိုတယ်ကြီးတစ်ခု၌ ကျင်းပသော သူမ၏ လက်ထပ်မင်္ဂလာပွဲသို့ အလုပ်ဖျက်၍ ကျွန်ုပ်ကိုယ်တိုင် သွားရောက်ကာ အားရပါးရ စားသုံးအားပေးခဲ့ရပါသည်။ ကျွန်ုပ်၏ မှတ်စုတွင်–


"လူပျိုကြီး၊ အပျိုကြီး၊ ဂေါ်မစွံ၊ တန့်မကျ၊<br>ခွကျသူများအတွက် အထူးယတြာ"

တစ်ဦးနှင့်တစ်ဦး ချစ်မြတ်နိုး၍ ယူထားသော (မိဘပေးစား၍ မဟုတ်) လင်မယားစုံတွဲထံမှ ထမင်းစားပန်းကန်တစ်ချပ် လက်ဆောင် တောင်းယူပါ။ ၎င်းပန်းကန်အတွင်း၌ ရွှေလက်စွပ် တစ်ကွင်းနှင့် ဆန်စေ့ ၉ စေ့ကို အဝတ်နီနှင့်ပတ်၍ ပန်းကန်ပြားထဲ ထည့်ထားပါ။ မိမိအိပ်ရာနံဘေးတွင် စားပွဲတစ်ခုချ၍ ၎င်းစားပွဲပေါ် တွင် အထက်ပါပန်းကန်ပြားနှင့် လက်စွပ်၊ ဆန်စေ့အနီထုပ်အား တင်ထားပါ။ (၉)ရက်ဆက်တိုက် တင်ထားပါ။ ၎င်းနောက် ရွှေ

လက်စွပ်ကို ညာဘက်လက်သန်းကြွယ်တွင် ဝတ်ထားပါ။ ပန်းကန်တင်သော စားပွဲအား ညာဘက်တွင် ထားပေးပါ။

ငှင်းလက်စွပ်ဝတ်သည့်နေ့မှစ၍ အထင်အရှားကောင်းသော ပီယဓာတ်များ ပေါ်ပေါက်လာကာ မေတ္တာကို အခြေတည်သော မင်္ဂလာအလုံးစုံနှင့် ညီညွတ်သော အိမ်ထောင်ရေးကို ပိုင်ဆိုင်သွားစေအံ့။

**မှတ်ချက်။** ။ ဤနည်းဖြင့် မြောက်မြားစွာသော အပျိုကြီး၊ လူပျိုကြီးများ အိမ်ထောင်ကျအဆင်ပြေကြပြီ ဖြစ်သည်။ ကျွန်ုပ်တွင် အရွယ်လွန်စုံတွဲ မင်္ဂလာဖိတ်စာ ၄၇ စောင်တိတိ မှတ်တမ်းတင် သိမ်းဆည်းထားပြီး ဖြစ်ပါသည်။



# တကယ်ချမ်းသာသွားပြီ


ဆရာကြီးဘီးလ်ဂိတ်...ရဲ့
ဆော့ဖ်ဝဲတွေသုံးပြီး
ကျင်းကောင်းမြဲအောင်
လုပ်ခဲ့တဲ့ ယတြာ...
လေးများ
ရှိခဲ့ရင်...

ကျွန်ုပ်တွင် ဗေဒင်ပညာကို စနစ်တကျ လေ့လာပြီး လက်တွေ့ သုတေသနပြုပြီး မှတ်တမ်းတင်နေသော မိတ်ဆွေတစ်ဦးရှိပါသည်။ ရှေးဟောင်းဂမ္ဘီရအတတ်ပညာများကိုလည်း အတော်အတန် ခေတ်မီသော့သူ ဖြစ်သည်။ ဝါသနာအရ ဗေဒင်ကျမ်းဂန်များ၊ ပေစာများ စုဆောင်းထားသည်။ စာကြည့်တိုက်ငယ်တစ်ခုသဖွယ် ဖြစ်နေသော သူ၏အိမ်သည် ကျွန်ုပ်ကဲ့သို့ ဘိုင်ကျ၍ စာအုပ်ဝယ်မဖတ်နိုင်သူတို့၏ အားကိုးအားထားရာဖြစ်၏။

တစ်နေ့တွင် ရောက်တတ်ရာရာ ဆွေးနွေးရင်း အရောင်းအဝယ်၊ စီးပွားရေးအကြောင်းရောက်သည်။ ဈေးဆိုင်တစ်ခုသည် ဆိုင်နေရာအကွက်အကွင်းကောင်း၍ ဝယ်သူများ သွားလာအဆင်ပြေပြီး ခမ်းနားထည်ဝါ သပ်ရပ်စွာရှိမှသာ အရောင်းအဝယ်ကောင်းမည့်အ

ကြောင်း အစချီပြောရင်း ငြင်းခုန်ကြရင်း…

''ဓာတ်ရိုက်၊ ဓာတ်ဆင်ရုံမျှနှင့် အရောင်းအဝယ်ကောင်း ဈေးခေါ်ဈေးရောင်းကောင်းသည်ဟူ၍ မဖြစ်နိုင်''ဟု အလွန်အငြင်းသန်ပြီး ကတ်တီးကတ်ဖဲ့ ပြောတတ်သော ကျွန်ုပ်က ပြောသည်။

''လက်တွေ့ဆိုရင် ယုံမလား''ဟု သူက စိန်ခေါ်သည် ဤသို့နှင့်ပင် ၎င်းအား အလွန်ချောင်ကျလှသော ရန်ကုန်မြို့၏ ဆင်ခြေဖုံး ကျူးကျော်ဆင်းရဲသားရပ်ကွက်တစ်ခုသို့ ခေါ်သွားသည်။ မော်တော်ကား မဆိုထားနှင့် ရေစည်လှည်းပင် တွန်းဝင်၍ မရနိုင်သော လမ်းနံဘေး တဲငယ်၏ အရှေ့အဖီချထားသော ကျွန်ုပ်၏မိတ်ဆွေ ဆိပ်ကမ်းလုပ်သား မောင်ကျော်ငွေး၏အိမ်သို့ ခေါ်သွား၏ အိမ်ဆိုင်ဟုခေါ်ရမည့် အိမ်ထဲမှ ဆိုင်ကိုပြသည်။ ဝါးလုံးတန်းတွင် တန်းလန်းဆွဲထားသော အပေါစား ယိုစုံ၊ ဖန်ပုလင်း (၃)လုံးနှင့် ချိုချဉ်၊ ဆေးပေါ့လိပ်၊ အငှားဆိုင်ကျ ဝတ္ထု၊ ကာတွန်းအနည်းငယ်၊ နံရံတွင် ထောင်ထား၍ ''ယနေ့ အကြွေး မပေး'' ''အရဟံ''အစရှိသော စာတန်းများနှင့် ဘိုင်စကုတ်ကြော်ငြာ၊ စာအုပ်ကြော်ငြာ၊ ဓာတ်ကြော်ငြာများကို နံရံအပေါက်အပြဲများတွင် ကပ်၍ ပြင်ဆင်ထားသောဆိုင်၊ ရောင်းသူကလည်း ကလေးနို့တိုက်၍တစ်ဖက်၊ ထမင်းချက်၍တစ်ဖုံ၊ အဝတ်လျှော်ရင်းတလီ ဖတ်သီဖတ်သီနှင့် လုပ်နေသော မောင်ကျော်ငွေး၏ဇနီးမလုံးတင်။

ကျွန်ုပ်က ''ကိုယ့်ဆရာ အစွမ်းပြပေတော့'' ''ဓာတ်ရိုက် ဓာတ်ဆင်လုပ်ဖို့ အကုန်အကျလည်း ခံနိုင်မှာ မဟုတ်ဘူးနော်''ဟု ကြိုတင်ပြီးလည်း ပြောရသေးသည်။

''စက္ကူတစ်ချပ်၊ ဆေးအနီ၊ ဆေးအမဲ၊ စုတ်တံတစ်ချောင်း၊ ဇီးကွက်ဖိုမတစ်စုံနဲ့ ဖောင်ချမ်းသားပဲလိုပါတယ်''ဟု သူကပြောရာ…

ကျွန်ုပ်၊ မော်ကျော်ငွေး၊ မလုံးတင်တို့သည် လိုအပ်သော

ပစ္စည်းများကို စုဆောင်းပေးရာ ၎င်းက စကောအား ဆေးသုတ်ခြင်း၊ စကောပေါ်စာရေးခြင်း၊ ဇီးကွက်အောက်ခြေတွင် စာရေးခြင်းများပြုပြီး ဆိုင်ရှင်မလုံးတင်အား မှာကြားစရာများကို မှာကြားရင်း''(၃)လအတွင်း ထူးစေရမယ်''လို့ ကျွန်ုပ်အား စိန်ခေါ်ပြောခဲ့သည်။

သတ်မှတ်ရက်မပြည့်သေး စတင်စီစဉ်ပေးလိုက်သော ရက်မှ (၃–၄)ပတ်အကြာ မောင်ကျော်ဌေးတစ်ယောက် ကျွန်ုပ်ထံ ပေါက်ချလာပြီး ''ထူးတယ်ဗျာ''ဟု အစချီကာ အလွန်ကောင်းသော ဓာတ်နည်းဖြစ်၍ ရောင်းကောင်းကြောင်းပြောခဲ့၏။ (၂)လခန့်အကြာ ၎င်း၏အိမ်သို့ ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေကို ဖိတ်ခေါ်၍ ထမင်းကျွေးရာ အညာမှ ကူဖော် ခေါ်ထားပြီး စတိုင်ကျနေသော မလုံးတင်၊ ဖတ်ချင်စဖွယ် မဂ္ဂဇင်း၊ စာအုပ်၊ ဝတ္ထု၊ ကာတွန်းများနှင့် ဆေးလိပ်ချိုချဉ်တို့နေရာတွင် မြန်မာဆေး၊ ဘီပီအိုင်ဆေးနှင့် ဘေးတွင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ပြုပ်၊ ကြက်သွန်၊ ငံပြာရည်၊ အချိုမှုန့် စုံစီနဖာနှင့် လက်မလည်အောင် ရောင်းနေသောအနေအထား၊ ကက်ဆက်ခွေ အငှားဆိုင်တောင် ထပ်ချဲ့ဦးမည်ဆိုဘဲ။

အငြင်းသန်၊ ကတ်ဖဲ့၊ လူညစ်ကြီး ကျွန်ုပ် ဗေဒင်ပညာကို အရှုံးပေးလိုက်ရပါသည်။ ယခုမူကား ကိုကျော်ဌေး မလုံးတင်တို့၏ စာပေဖြန့်ချိရေးလုပ်ငန်းကြီးသည် မြို့လယ်ခေါင်တွင် တခမ်းတနားနှင့်ပင်။ ၎င်းတို့ ဆိုင်သစ်ကြီးတွင် ချိတ်ဆွဲထားသော ဇီးကွက်နှင့် စကောကမူ ယခင် မူလလက်ဟောင်း ဓာတ်ရိုက်ဓာတ်ဆင်စတိုင်နှင့်။


ကျွန်ုပ်သည် အခါအားလျော်စွာ ၎င်းနည်းအစီအရင်ကို စီးပွားရှာ၊ အရောင်းအဝယ်သမားများအား လက်တွေ့ဆောင်ရွက်စေရာ ယနေ့တိုင် ထူးခြားမှုအဆင်ပြေသွားသူ အမြောက်အမြားရှိပေသည်။ ကျွန်ုပ်၏ မှတ်စုစာအုပ်တွင်–

## ဓီးပွားတက်ယတြာ

စကောတစ်ချပ်ကို ဆေးအနီသုတ်ပါ။ ဆေးအမည်းရောင်နှင့် ''ဆေးကြိတ်တဲ့ ဖော်ဂျီကို ဇီးကွက်က ကြည့်နေသည်''ဟု ရေးပါ။ နံနက်ဆိုင်ဖွင့်ချိန်တွင် စကောကို ဖောင်းချမ်းသားနှင့် (၉)ချက်ပုတ်၍ ဆိုင်ဖွင့်ပါ။

ဇီးကွက်ရွှေရောင် (ရွှေဇီးကွက်) ဖို–မတစ်စုံကိုယူပါ။ ရွှေဇီးကွက် အဖို၏ အောက်ခြေတွင် ဆေးမည်းနှင့် ''၉၀'' ဂဏန်းကိုရေးပါ။ ရွှေဇီးကွက်အမ၏ အောက်ခြေတွင် ''၄၅'' ဂဏန်းကို ဆေးအနီနှင့်ရေးပြီး ဖိုမစုံတွဲ၍ နံရံတွင် စကောချိတ်၍ ၎င်းစကောတွင် ရွှေဇီးကွက်မောင်နှံကို ချည်နှောင်ချိတ်ဆွဲ ထားပါ။

❁ ❁ ❁



# မာရာဏာသိနုည်း

ကြောင်နှစ်ကောင်စာအုပ်တိုက်



ဗာရာဏသီမြို့နှင့် မနီးမဝေး အရှင်ဗုဒ္ဓမြတ်စွာဘုရား တရားဦး ဟောရာ မိဂဒါဝုန်ဥယျာဉ်ကြီး၏ အရှေ့တွင် ဆိုင်တန်းများရှိပါသည်။ အချို့သောဆိုင်များတွင် မြန်မာစာနှင့်ပင် ဆိုင်းဘုတ်ရေးထား၏။ ကုလား ကျော်ဟိန်း၊ ကိုလှမြင့်တို့၏ဆိုင်ကား မြန်မာဘုရားဖူးတို့ အားပေးနေကျ ဖြစ်၏။

၎င်းအနီးအပါးတစ်ဝိုက်ရှိ ဆိုင်များတွင် ညောင်ရွက်များကို အညာတံမှ အပ်ချည်ကြိုးနှင့် ချိတ်ဆွဲထားသည်။ ရေတွက်ကြည့်ရာ ညောင်ရွက် (၉)ရွက်စီဖြစ်သည်။

ကျွန်ုပ်နှင့် မန္တလေးဘုန်းကြီး ဦးနေမိန္ဒတို့သည် အလွန်အတွဲ ညီလှသည်။ စပ်စုရာတွင်လည်းကောင်း၊ ခြေရှည်ရာတွင်လည်းကောင်း

တက်ညီ၏။ ဗာရာဏသီသို့သွားရာ ဂင်္ဂါမြစ်ရိုးရှိ ဆိုင်များ၊ ဈေးတွင်ရှိ ဆိုင်များတွင်လည်း ညောင်ရွက် (၉)ရွက်တန်းလန်း ချိတ်လျက်တွေ့ပြန်သည်။

ဆိုင်များတွင် ဈေးဝယ်သောအခါ ဆိုင်ရှင်များက ရလာသော ငွေကို ပိုက်ကွန်သဖွယ် အိတ်ကလေးများတွင် ထည့်လိုက်ကြောင်း မျက်စေ့အလွန်စူးသော ဘုန်းကြီးဦးနေမိန္ဒက ပြောသည်။

တည်းခိုရာနေရာသို့ ပြန်ရောက်သောအခါ ဤအကြောင်းကိုပင် ပြောနေကြဆဲ ဗာရာဏသီတက္ကသိုလ်တွင် ပညာသင်နေသော မြန်မာ ဘုန်းကြီး ကိုယ်တော်ဦးပုညက "ဒါဗာရာဏသီနည်းပဲ၊ လွန်ခဲ့သော အနှစ် ၂၀ ကျော်က သူတော်စင် ဆာဒူးကြီးတစ်ပါးပေးခဲ့တဲ့ ဈေးရောင်းကောင်းတဲ့နည်းဆိုပဲ" ဗေဒင်ပညာတွင်ပါ နှံ့စပ်သော ကိုယ်တော်ဦးပုည က

***"ညောင်ရွက် – ဈေးရောင်း"***

ဗေဒင်အရ ဒီသဘောပေါ့ဟု ပြောသည်။

ငွေကိုထည့်သော ပိုက်ကွန်သဖွယ်အိတ်အကြောင်းပြောရာ ၎င်းသည် ဆံထုံး၊ ဦးခေါင်းထုံးဖွဲ့ပြီးသောအခါ အုပ်သော ကွန်ချာဖြစ်ပြီး–

***"ငွေကြေး – ကွန်ချာ"*** ကက်ကင်းဟု ဆိုပြန်သည်။ တဖန် ၎င်း၏ ဆွမ်းဒကာ ဘာဘူကုလားကြီးသည် တနင်္လာနေ့နံနက် (၉)နာရီ (၂၀)မိနစ်တိုင်း ညောင်ရွက်ကိုချိတ်ကြောင်း၊ အခြားသော ဆိုင်များတွင် လည်း ၎င်းအချိန်တွင်ပင် ချိတ်ဆွဲရာ ဤဓာတ်ကား နေ့သား၊ ပုဂ္ဂိုလ် မရွေး ၎င်းအချိန်၊ ၎င်းယတြာပြု၍အောင်ကြောင်းပြောပြပါသည်။ ကျွန်ုပ်၏ မှတ်စုတွင် –

***ညောင်ရွက် – ဈေးရောင်း***

***ကွန်ချာ – ငွေကြေး***

*တနင်္လာနေ့ နံနက် ၉ နာရီ ၂၀ဟု မှတ်ထားခဲ့ပါသည်။*

အခါသင့်၍ မြန်မာနိုင်ငံတွင် ၎င်းဗာရာဏသီ ညောင်ရွက် ကွန်ချာနည်းကို လက်တွေ့အသုံးပြု စမ်းသပ်ကြည့်ပါသည်။ ထူးခြားစွာ အဆင်ပြေကြောင်းတွေ့ရှိရပါသည်။

ဆောင်ရွက်ပုံမှာ


အနာအဆာကင်းသော ညောင်ရွက် (၉)ရွက်ရှာပါ။ အရွက် ညှာတံမှ အပ်ချည်ကြိုးအဖြူနှင့် ချီနှောင်ပါ။ ၎င်းညောင်ရွက် (၉)ရွက်ကို ဆိုင်အဝင်ဝတွင် တနင်္လာနေ့နံနက် (၉)နာရီ (၂၀) မိနစ်တွင် စတင်ချိတ်ဆွဲပါ။

အသစ်လဲတပ်ဆင်ပါက ၎င်းနေ့၊ ၎င်းနာရီ၊ မိနစ်တွင် ဆက်လက် ဆောင်ရွက်သွားပါ။ ညောင်ရွက် (၉)ရွက် ချိတ်ဆွဲရာ တွင် (၈)ရွက်သည် အညီတည်ရှိပြီး တစ်ရွက်သည် အောက်သို့ ပို၍ထွက်နေရပေမည်။

ရောင်း၍ရသော ငွေကို ဆံပင်၊ ဆံထုံးအုပ်သော ကွန်ချာ အတွင်းထည့်၍ ငွေသိမ်းပါ။

ရက်ပိုင်းအတွင်း အရောင်းအဝယ် စည်ပင်လာပြီး လာဘ် ပွင့်၊ စီးပွားတက်၊ ငွေကြေးအဆင်ပြေပါလိမ့်မည်။

❁ ❁ ❁



# လူစည်သောစားသောက်ဆိုင်


ဟင်းတွေချက်တာ...
ကောင်းကောင်း
မချက်ပါဘူး...

ကျွန်ုပ်၏ဖောက်သည် သဘော်သားကြီး ဦးအောင်လှသည် အဏ္ဏဝါရေကြောင်းလုပ်ငန်းအား ကာလရှည်ကြာ လုပ်ရာမှ ငြီးငွေ့ စိတ်ကုန်ကာ စားသောက်ဆိုင်ဖွင့်သည်။ ဖွင့်ကာစ လူဝင်သော်လည်း တစစ လူပါးလာကာ ကျိုးတိုးကျဲတဲဖြစ်လာပြီး အရှုံးပင်ပေါ်စပြုလာ၏။ ယခုကာလ ကုန်ဈေးနှုန်း၊ အလုပ်သမားစရိတ်၊ ဆိုင်ထိန်းသိမ်းမှုစရိတ်၊ ရန်ကုန်မြို့အနှံ့ မှိုလိုပေါက်လာသော စားသောက်ဆိုင်များက လက်ညှိုး ထိုးမလွဲ အပြိုင်အဆိုင် အခက်ကြုံ၍ ရေထဲမှ ရှာထားသောငွေ ကုန်းပေါ်မှာ ကုန်ကိန်းဆိုက်နေပြီဖြစ်၏။ လင်မယားရန်ဖြစ်၊ သဘော် မလိုက်ခြင်းကို အကြောင်းပြ၊ ငြူစူစောင်းမြောင်း မိန်းမက မရှိမသေ ပြော ဆက်ဆံလာပြီး အလုပ်မလုပ်လိုသူ လူပျင်းဟုစွပ်စွဲ၊ ယခုပင်

ရေထဲပြန်ဆင်း အလုပ်ရှာမှ စိတ်ပြေမည်ဟူသော ကိန်းဆိုက်နေ၏။

"ဒီလိုလုပ်ဗျာ…" အစချီ၍ ကျွန်ုပ်သည် စုဆောင်းထားသော မှတ်စုထဲမှ နည်းတစ်ခုကို ပေးလိုက်ပါသည်။ ကာလအတော်ကြာသည် အထိ သင်္ဘောသားကြီး ဦးအောင်လှကို မတွေ့တော့ပါ။

တစ်ခုသောနေ့တွင် မြို့ထဲသို့ စာရေးကိရိယာ ဝယ်ရန်အတွက် ထူးခြားစွာ ပန်းချီဆိုင်တစ်ခုတွင် အရွယ်တူ ပုံစံတူ ပန်းချီကားများကို အရောင်းသွက်စွာ ရောင်းနေကြောင်း တွေ့ရှိပါသည်။ အားလုံးသော ပန်းချီကားချပ်များသည် ကျွန်ုပ်နှင့် အလွန်ရင်းနှီးနေသည်။ တိမ်ကင်းစင်ပြီး ကြယ်များဝန်းရံနေသည့် လပြည့်ညရှုခင်းပုံ ပန်းချီကား (၁)ပေသာသာရှိ ဤပန်းချီကားအားကြည့်ရင်း၊ ဒိုင်းခနဲ ဦးအောင်လှကို အမှတ်ရလိုက်သည်။

စပ်စု၍ ပန်းချီကာကိုမေးကြည့်ရာ "မပြောတတ်ပါဘူးဗျာ၊ စားသောက်ဆိုင်သမားတွေ လာအပ်ကြတာ လက်ကိုမလည်ဘူး၊ ကြည့်မြင်တိုင်က သင်္ဘောသား ဦးအောင်လှဆိုင်ရှေ့ ချိတ်ထားတဲ့ ပန်းချီကားကို ပုံတူလိုချင်တယ်ဆိုပြီး လာအပ်ကြတာပဲ၊ ရောင်းကောင်းတယ်ဆိုပဲဗျာ"ဟု ပြောသည်။

ပန်းချီကားများကြည့်နေဆဲ ပခုံးလာပုတ်၍ လှည့်ကြည့်လိုက်ရာ ရန်ကုန်တခွင် ပြုံပြုံစင်အောင်နှံ့စပ်၍ အလွန်အကောင်းကြိုက်သော ကျွန်ုပ်၏ မိတ်ဆွေကြီး ပရိဂျူဆာ သီချင်းခွေထုတ်သော မူပိုင်ကိုရဲ ဖြစ်နေသည်။

"လာဗျာ၊ တစ်ခုခုသွားစားရအောင်"ဟု ခေါ်၍ ငင်းနှင့်လိုက်လျှင် ကောင်းပေ့ညွှန့်ပေ့ဟူသောဆိုင်မှ စားရမည်ကိုသိသော ကျွန်ုပ်သည် မငြင်းဆိုဘဲ လိုက်သွားသည်။

•

''ဗိုလ်စံ ဒီဆိုင်မှာ မစားဖူးရင် ခေတ်မမီဘူး၊ အဆိုတော်တွေ မင်းသားမင်းသမီးတွေ၊ မော်ဒယ်၊ စာရေးဆရာပါမကျန် ဒီဆိုင်ကို အားပေးနေတာ''ဟု အစချီ၍ ယခုစတူဒီယိုတွင် အသံသွင်းဆဲ တီးဝိုင်း အဆိုတော်တွေကမှာလိုက်သော စားဖွယ်များပါ ၎င်းဆိုင်မှ ဝယ်မည့် အကြောင်း စကားတပြောပြောနှင့်မောင်းရာ ကြည့်မြင်တိုင်သို့ ရောက် လာ၏။ အလွန်များလှသော ကားပေါင်းစုံကြား ကားစောင့်သူငယ်က နေရာရှာပေး၍ ခက်ခက်ခဲခဲ ဆိုင်ရှေ့တွင်ကားရပ်ရသည်။ အလွန်စည် ကားလှပေ၏။ ဆိုင်ရှေ့တွင် လသာနေသော ညရှုခင်းပန်းချီကား တကြော်ကြော်အော်၍ အမိန့်ပေးစီစဉ်နေသော ဦးအောင်လှ၊ မိတ်ကပ် အဖွေးသားနှင့် တပြုံးပြုံး ငွေသိမ်းနေသော ၎င်း၏ဇနီး၊ ကျွန်ုပ်ကို တွေ့တော့ ''ဟာ ဆရာပါလား အလုပ်က မအားလို့ ဆရာ့ဆီ မလာနိုင်တာ...'' အစချီ၍ အလွန်ပီတိဖြစ်နေသော အပြုံးဖြင့် ကျွန်ုပ် အား အတင်းဆွဲခေါ်ကာ ဆိုင်ရှေ့ပန်းချီကားနံဘေးတွင် ၎င်းတို့စုံတွဲနှင့် ကျွန်ုပ်ဓာတ်ပုံရိုက်ယူခဲ့ကြ၏။ ယခုတိုင် ၎င်းဓာတ်ပုံရှိနေဆဲ ဇာတ်ပေါင်း သော်...

ကျွန်ုပ်၏ မှတ်စုတွင် ပြန်ကြည့်ပြီး မှတ်ထားသော စာရွက် ဘေးတွင် ''လက်တွေ့ဆောင်ရွက်၊ မှန်ကန်၊ အလွန်ကောင်း...''ဟု မှတ်ချက် ရေးလိုက်ပါ၏။ မှတ်စုသည်ကား–

## ''စားသောက်ဆိုင်အတွက် ယတြာ''

အလျား (၁)ပေ၊ အနံ (၁၁)လက်မရှိသော ပန်းချီကား တစ်ချပ်၊ ပန်းချီပုံသည် တိမ်ကင်းစင်ပြီး ကြယ်စုံထွန်းလင်း တောက်ပသောည။ ပြည့်ဝင်းနေသောလမင်း။ ဤညရှုခင်းကို ဆိုင်အဝင် ဆိုင်အဝမှာချိတ်။

ဆိုင်ရှင်၏နေ့နဲ့ ပန်းချီကားချိတ်ရမည့်အချိန်


| မွေးနေ့ | ပန်းချီကားချိတ်ရန်အချိန် |
|---|---|
| တနင်္ဂနွေ | တနင်္ဂနွေနေ့ နံနက် (၈)နာရီ (၁၅)မိနစ် |
| တနင်္လာ | တနင်္လာနေ့ ညနေ (၃)နာရီ (၄၅)မိနစ် |
| အင်္ဂါ | အင်္ဂါနေ့ ညနေ (၃)နာရီ (၄၅)မိနစ် |
| ဗုဒ္ဓဟူး | ဗုဒ္ဓဟူးနေ့ နံနက် (၉)နာရီ (၄၅)မိနစ် |
| ရာဟု | ဗုဒ္ဓဟူးနေ့ နံနက် (၉)နာရီ (၄၅)မိနစ် |
| ကြာသပတေး | ကြာသပတေး နံနက် (၈)နာရီ (၁၅)မိနစ် |
| သောကြာ | သောကြာနေ့ ညနေ (၃)နာရီ (၄၅)မိနစ် |
| စနေ | စနေနေ့ ညနေ (၂)နာရီ (၁၅)မိနစ် |

ဤအတိုင်းချိတ်ဆွဲပါ။ ထူးခြားစွာ အောင်မြင်ကျော်ကြား ဖောက်သည်ကောင်းများ ရပေအံ့။

✿ ✿ ✿

# ကြံ့ဖင်ခိုက်၍သူကြွယ်ဖြစ်ခြင်း


ငါက..
တစ်ပင်တည်း
မနိုက်ဘူး
နိုက်တာ...



ဆွမ်းကကိုဗစ်လမ်းတစ်လျှောက်တွင် ဘန်ကောက်မြို့၏ ကြေးရတတ် အချို့နေထိုင်ကြသည်။ ၎င်းတို့ အိမ်ရှေ့များတွင်လည်းကောင်း ခြံဝင်းများတွင်လည်းကောင်း ကြံနက်ပင်များ မြေအိုးဖြူဖြူတွင် စိုက်ထားကြသည်။ တဖန် တရုတ်တန်းဘက်ရှိ စားသောက်ဆိုင်များတွင်လည်း တွေ့ရပြန်သည်။ တဖန် အခါအားလျော်စွာ ချမ်းသာသောသူများ၊ အောင်မြင်သောသူများ ဆွေတော်မျိုးတော်များ အိမ်သို့ရောက်ပြန်ရာ တွေ့နေကျ လေးမျက်နှာဘုရား၊ ဈေးခေါ်မယ်တော်နှင့်အတူ ကြံနက်ပင်များကို မြေအိုးဖြူဖြူတွင် စိုက်ထားသည်ကို တွေ့ရပါသည်။

ထူးခြားချက်မှာ မြေအိုးဖြူတွင် ကြံနက်ပင် စိုက်ထားသော အိမ်ပိုင်ရှင်များ၊ ဆိုင်ပိုင်ရှင်များ အားလုံးသည် လူချမ်းသာကြီးများပင်

ဖြစ်ရာ ဤကား လူချမ်းသာတို့ အမှတ်တံဆိပ်၊ စတိုင်ဟုတင်မှတ်ခဲ့၏။

သီတင်းပတ်အဆုံးတွင် ဖွင့်လှစ်သည့် ချပ်တူချပ်ဈေးတွင်လည်း ကြံအနက်နှင့် မြေဖြူအိုးကို ထုံးသုတ်ထားသည်များ၊ မြေဆွေးများရောင်းသောဆိုင်တွင် လူအများဝိုင်းနေကြသည်ကို တွေ့ရပြန်၏။

ဈေးရောင်းသောသူများက တိုင်းတစ်ပါးသား ကျွန်ုပ်တို့ကို တွေ့သောအခါ Lucky! လပ်ကီး၊ လပ်ကီးဟု နှုတ်မှ အော်ဟစ်ကာ ကြံချောင်းနှင့် ပန်းအိုးများကို လက်ညှိုးထိုးပြသည်။ ဤကြံနှင့် မြေအိုးများအကြောင်း ကျွန်ုပ်အလွန်စိတ်ဝင်စားနေမိသည်။

ကျွန်ုပ်က မိတ်ဆွေဖြစ်သူ မစ္စတာဘီလ်အား အကျိုးအကြောင်း မေးကြည့်သည်။ သူသည် ပြင်သစ်လူမျိုးဖြစ်ပြီး ဘန်ကောက်တွင် အနေကြာသူဖြစ်သည်။ သူကိုယ်တိုင် သတိထားမိသော်လည်း မသိကြောင်းပြော၏။ သူ၏ အမျိုးသမီးမိတ်ဆွေအား မေးကြည့်မည်ဟု ပြောသည်။

နောက်နေ့တွင် သူနှင့်သူ၏ အမျိုးသမီးမိတ်ဆွေတို့သည် ကျွန်ုပ်ကို နေရာတစ်ခုသို့ ခေါ်သွားသည်။ တရုတ်တန်း လမ်းလေးဂွဘေးမီးပွိုင့်အနီးမှ ဘုံကျောင်းတစ်ခုသို့ သွားကြ၏။ အလွန်ထူးခြားသော တရုတ်သူတော်စင် ဘုန်းကြီးအိုကြီးတစ်ပါးကို ဖူးတွေ့ရသည်။ ကျွန်ုပ်တို့က မေးရာတွင် ဤကား ယခုအခါ၌ စတိုင်သဖွယ် အိမ်ရှေ့တွင်ထားကြ၏။ စင်စစ်သည်ကား လိုရာကြံသမျှ အောင်သော အစီအရင်ပေတည်းဟု အစချီကာ ရှင်းပြပါသည်။

မြေအိုးတစ်လုံးကို ထုံးသုတ်ရမည်၊ ဆေးဖြူသုတ်၍မရ၊ မြေအိုးသည် ပန်းအိုးပုံစံမဟုတ်၊ သဲသောက်ရေအိုးပုံ အိုးဖြစ်ရမည်၊ သူပြသောပုံသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံသုံးသောက်ရေအိုး၊ တွံတေးအိုးပုံ ဖြစ်သည်။

၎င်းမြေအိုးထဲတွင် သန့်စင်သော မြေကို ထည့်ရမည်။ ၎င်း

မြေတွင် ကြံအနက်တစ်ပိုင်းကို ထောင်၍စိုက်ရမည်။

ကြံသည် အနက်ရောင်ဘက်နွယ်သော ကြံဖြစ်ရမည်။ ကြံအဆစ်ကို အပိုင်းတစ်ပိုင်းသာ ဖြစ်ရမည်။ အောက်ဖက်အထက်ဖက် အနည်းငယ် လက်တစ်လုံးစီ ချန်ထားရမည်။

တနင်္လာနေ့တွင် ဒေသစံတော်ချိန် နံနက် (၉)နာရီ (၄၅)မိနစ်တွင်စိုက်ရမည်။ တရုတ်ပြည်တွင်စိုက်က တရုတ်ဒေသ၊ ကုလားပြည်တွင်စိုက်က ကုလားဒေသ၊ ဂျပန်ပြည်တွင်စိုက်က ၎င်းဒေသဆိုင်ရာ စံတော်ချိန်တွင်သာစိုက်ရမည်။ ၎င်းအပင် အမြစ်တွယ်၍ အတက်ပေါက်၊ အရွက်ထွက်ရှင်သန်ပါက ငွေသိန်းသန်းချီ၍ ဝင်မည်။ ကြံသမျှအောင်မြင်မည်။ လုပ်သမျှအားလုံး ချောမည်။ မထင်မှတ်၊ မမျှော်လင့်သော အခွင့်ကောင်းများရမည်ဟု ရှင်းလင်းပြောကြားခဲ့၏။

အပင်သည်ဖြစ်ရန် ရှင်သန်ရန် အလွန်ခက်ခဲသည်ဟု ဆိုသည်။ ကြံချောင်း လဲပြိုသွားကလည်းကောင်း၊ ပုတ်ဆွေးသွားကလည်းကောင်း အဆင်မပြေသေး၊ အသစ်တဖန် လုပ်ရမည်။ ကြံပင် ရှင်သန်လေ စီးပွားချမ်းသာလေဟု ဆိုသည်။

အမှန်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တွေ့ရသမျှသော သူဌေး၊ သူကြွယ်၊ အမတ်၊ မြို့ဝန်၊ ကုန်သည်၊ ဈေးဆိုင်ကြီးများတွင် ရှင်သန်နေသော ကြံပင်ကြီးများကို တွေ့ရသောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်မူကား စိုက်ထားသော အိမ်ရှေ့မှ ကြံနက်ပင်သည်ကား…

✽ ✽ ✽

# စနေနံနက် (၆)နာရီ (၄၅)မိနစ်



ကျွန်ုပ်၏ မှတ်စုရှိ မြန်မာ့ရိုးရာရှေးဗေဒင်နည်းပညာအရ ငွေပြတ်နေသူ၊ ငွေရလမ်းပွင့်သော နည်းစနစ်တစ်ခုအား တင်ပြအပ်ပါသည်။

ဤနည်းစနစ်သည် လွယ်လွန်း၍ ကျွန်ုပ်ကိုယ်တိုင် အထင်မကြီးခဲ့ပါ။ အခန့်သင့်လျှင် လက်တွေ့ စမ်းသပ်မည်ဟု တေးမှတ်ထား၏။

တစ်ခုသောကာလတွင် လက်တွေ့အသုံးချရန် အကြောင်းပေါ်လာပါသည်။ အလွန်ဘိုင်ကျ ငွေပြတ်တတ်သော ကျွန်ုပ်တို့ အုပ်စုအနက် အမြဲငွေပြတ်နေသော "ကိုသန်းအေး"ဟူသော မိတ်ဆွေတစ်ဦးရှိသည်။ သူသည် ကံတက် အလွန်စန်းထ၍ ခဲရာခဲဆစ် ရည်းစားတစ်ဦးရလိုက်သည်။ ပထမဦးဆုံး သူနှင့် သူမတို့ချိန်းတွေ့သော နေ့သည်

ကျွန်ုပ်တို့ မိတ်ဆွေအားလုံးဝေမျှ ရင်ခုန်ရသောနေ့ပင်တည်း။

ချိန်းဆိုထားသော နေ့ရက်မတိုင်မီ အားလုံးက ပုဆိုးငှားအင်္ကျီငှားပြီး ရီဟာဇယ်အစမ်းဆင်ယင်ကြည့်ရာ ၎င်းမှာ အလွန်ကိုက်ကျလှပေ၏။

ပြဿနာကား ငွေမရှိခြင်းတည်း။ မိတ်ဆွေအားလုံးရှိ ငွေကိုရေတွက်လိုက်သောအခါ (၁၀)ကျပ်ပင် မပြည့်။ ချေးငှား၍လည်း ကျွန်ုပ်တို့အား ယုံသူမရှိ ပေါင်နှံစရာ၊ ရောင်းချစရာများကား လွန်ခဲ့သောရက်များကပင် ကုန်ခဲ့ပြီ။ ယခုသူ့အား ဆင်ထားသည်မှတစ်ပါး အခြားမရှိ။ တနင်္ဂနွေနေ့တွင် ချိန်းထားသည်။ သောကြာနေ့တိုင်ခဲ့ပြီ။ အားလုံးခေါင်းမီးတောက်ကြပေပြီ။ ငွေရရန် နည်းလမ်းလုံးဝမရှိ။ မှိုင်တွေချနေသော သူ့အားကြည့်ရင်း ကျွန်ုပ်တို့ပါ ငိုချင်လာကြပါသည်။

အခါတိုင်း ဆူညံအော်ဟစ်နေသော ကျွန်ုပ်တို့ အသံတိုးတိတ်နေ၍ အဆောင်တစ်ခုလုံးမှ သူများက လာရောက်ချောင်းမြောင်းကြည့်ရှုကြ ဖဲရိုက်နေတာထင်ရဲ့ဟု ယူဆကာ လာရောက်စစ်ဆေးခြင်းအထိပင် အိပ်ချိန်ရောက်သည့်တိုင် အိပ်မပျော်ကြတော့ပါ။ မိန်းခလေးဆောင်များရှေ့ တေးသီချင်းသီဆိုကြသူများပင် ပွဲသိမ်းပြန်လာ အိပ်စက်ကြပေပြီ။

ကျားမသန်းဌေးဆေးလိပ်တို့ကို သောက်နေသော ကျွန်ုပ်သည်ရေးမှတ်ထားသော ဗေဒင်မှတ်စုကို သတိရလာပြီး "ငါ့မှာ ငွေရနည်းငွေဝင်နည်းရှိတယ်ကွ"ဟု အော်ဟစ်ရင်း စာအုပ်ပုံကို မွှေနှောက်ရာ အားလုံးက "ကြောင်ရန်ကောကွာ"ဟု ငြီးတွားပြီး ပြန်ခွေသွားကြသည်။ ကာယကံရှင်တစ်ဦးကသာ ရေနစ်သူ ကောက်ရိုးမျှင်ကို တွယ်သကဲ့သို့ အားကိုးတကြီးနှင့် ကျွန်ုပ်ကို ကူညီရှာဖွေရာ ကာလအတန်ကြာ ချောင်ထိုးထားသော ငွေဝင်ယတြာမှတ်စုကို တွေ့ပေသည်။

မှတ်စုအလိုအရ လိုအပ်သော ပစ္စည်းများမှာ မခက်လှသော်လည်း အလွန်ကတ်သီးကတ်သတ်နိုင်ရာ စုဆောင်းရန် ညနက်ကြီး၌မရ။ လုပ်ရမည့်အချိန်က စာဆိုအရ စနေနေ့နံနက် (၆)နာရီ (၄၅)မိနစ်ဟု ဆိုထားသည်။ နာရီကြည့်လိုက်ရာ စနေသို့အဝင် နံနက် (၂)နာရီဖြစ်ရာ နံနက်လင်းရန် စောင့်ရုံသာ။ ကျွန်ုပ်တို့သည် အလှည့်ကျတစ်နာရီစီ အိပ်ကြပြီး နံနက်လင်းအားကြီး စတင်လှုပ်ရှားရန် စီစဉ်ကြသည်။

နံနက် (၄)နာရီခွဲသောအခါ ကျွန်ုပ်တို့သည် လိုအပ်သောပစ္စည်းများ စုဆောင်းရန် ကျောင်းအနီးကြို့ကုန်းဈေးသို့ သွားကြ၏။ ဆိုင်များမဖွင့်သေး။ ဈေးသည်များမရောက်သေး။

ပဲပြုတ်ဟု အော်သံကြားရာသို့ တစ်ဟုန်ထိုးလိုက်ကာ "ပဲပြုတ်ဝယ်၍ အားရဝမ်းသာ အော်ဟစ်နေသော ကျွန်ုပ်တို့အား ပဲပြုတ်သည်မှမည်သို့ထင်သည်မသိ သုတ်သုတ်လျှောက်သွား၏။ (၅)နာရီခွဲလောက်တွင် ဈေးသည်များစုံရာ လိုအပ်သောပစ္စည်းများဝယ်တန်ဝယ် ငှားတန်ငှားရာ စုထားသော ငွေတစ်ဆယ်သည် တစ်ပြားမှပင် မကျန်တော့။ အဆောင်သို့ ပြန်ပြေးကြသည်။

**"စနေနေ့ နံနက် ၆ း ၄၅ တိတိတွင် နေအိမ်အဝင်ပေါက်တည့်တည့်တွင် အောက်ပါအတိုင်း ဆောင်ရွက်ပါ။ ဝါးလင်ပန်းတစ်ချပ်ထဲ ပန်ကန်ပြားထည့်ပါ။ ပန်းကန်ပြားတွင် ပဲပြား၊ ပဲပြုတ်၊ ပဲပင်ပေါက်၊ မြေပဲ၊ ပေါက်ပေါက် ဤငါးမျိုးကို ပုံ၍ထည့်ပါ။ ၎င်းနောက် ဝါးလင်ပန်းကို ဘယ်ဘက်လက်မနှင့်ဖိပြီး ငွေဝင်စေဟု (၉)ကြိမ်ရွတ်ပါ။ ဤကား ကျွန်ုပ်၏ မှတ်စုပေတည်း။**

အားတက်သရော အားလုံးကို စီစဉ်ရာ နံနက်(၆)နာရီ (၃၀)ခန့်တွင် အလုံးအစုံပြည့်စုံသွားပေသည်။ ဤတွင် ပြဿနာတစ်ခု ပေါ်ချေပြန်ပြီ။ စာဆိုအရ **နေအိမ်အဝင်ပေါက်** ဟုဆိုသည်။ **ပုသိမ်သား**

ကိုသန်းအေး၏ နေအိမ်ကား ပုသိမ်မြို့မှာတည်း။ ယခုနေသော ကြို့ကုန်းဆောင်မဟုတ်။ အဆောင်တွင်ကား ဝင်ပေါက် များလှပေသည်။ ကျောင်းဝင်ပေါက်ဂိတ်ကြီး၊ အဆောင်ခြံဝင်း ဝင်ပေါက်၊ အဆောင်သို့အဝင်ပေါက်၊ အခန်းသို့ဝင်ပေါက် ခွကျပေသည်။ ဘယ်အပေါက် တည့်တည့်ထားရမည်ကို တစ်ယောက်တစ်ပေါက် ငြင်းခုန်ကြရပြန်သည်။ နောက်ဆုံးနေထိုင်ရာ အခန်းဝအဝင်ပေါက်တည့်တည့်တွင် ပြုဆောင်ရန် ကျွန်ုပ်က အကြံပြုသည်။ ငြင်းကြပြန်သည်။ နာရီကြည့်သောအခါ (၆)နာရီ (၄၄)မိနစ်။ အချိန်မရှိတော့။ နောက်ဆုံး အခန်းဝအလည်တည်တည့်ကို တိုင်းထွာ၍ ငါးလင်ပန်းချပြီးအချိန်တွင် (၆)နာရီ ၄၅ တိတိရှိရာ ၎င်းမှ "(ငွေဝင်စေ)"ဟု (၉)ကြိမ် (၉)ခေါက်ရွတ်၏။ ရှုံ့မဲ့နေသော သူ့မျက်နှာကို ယနေ့တိုင် မမေ့သေးပါ။ ရွတ်ဆိုနေသော အသံကား အားမရှိလှ။ တရွတ်ရွတ်လေသံနှင့် ပျော့ဖတ်ဖတ်ရွတ်ဆိုပြီးရာ၊ ၎င်းလင်ပန်းကို ဘာဆက်လုပ်ရမည်မသိ။ သိမ်းရအခက်၊ စွန့်ရအခက် ကျွန်ုပ်တို့အားလုံး ကုန်သွားသောငွေ တစ်ဆယ်မပြည့်တပြည့်အား နမြောတသသဖြစ်နေကြ၏။

အဆောင်မှအခြားသူများက လင်းတမှိုင် မှိုင်၍ ထိုင်နေကြသော ကျွန်ုပ်တို့ကိုတလှည့် ဓာတ်ဆင်ထားသော ငါးလင်ပန်းကိုတလှည့် ကွက်ကြည့်ကွက်ကြည့်နှင့် ကျောင်းတွင် ရူးပေ့၊ ပေါပေ့၊ ကြောင်ပေ့ဖြစ်သော ကျွန်ုပ်၏ ပယောဂမကင်းဆိုသည်ကို အားလုံးက ရိပ်မိကြလေသည်။

ထိုစနေနေ့တွင် နံနက် (၈)နာရီမှ (၁၀)နာရီခွဲတိုင် ကျောင်းတက် ရပေရာ အဆောင်တစ်ခုလုံး အကြံပေးကျွန်ုပ်နှင့် ချစ်ဒုက္ခရှင် ကိုသန်းအေးတို့သာ ငါးလင်ပန်းဘေးငုတ်တုတ်ထိုင်လျက် ကျန်ခဲ့၏။ နေသည် တစစမြင့်လာ၏။ ကျောင်းဆင်း၍ ပြန်သူတွေက ပြန်လာကြ

ပေပြီ။ အခြေအနေက မထူးပါ။

ယတြာလုပ်တာများပြီ ထင်ပါရဲ့ဟု သူက မျှော်လင့်ချက်ကုန်ဆုံးသော လေသံဖြင့်ပြော၏။ ထိုစဉ် အခန်းဝသို့ လူရိပ်တစ်ခုကျလာ၏။ ကြည့်လိုက်သောအခါ "ဟာ… ဦးလေး ဘယ်တုန်းက ရန်ကုန်ရောက်လဲ" ကိုသန်းအေး၏ ဦးလေးသည် ဝါးလင်ပန်းကိုခွကျော်၍ မင်းတို့ဘာတွေ ကတ်သီးကတ်သပ် လုပ်နေတာလဲ"ဟု ပြောကာ အခန်းတွင်းသို့ ဝင်လာ၏။ ကျွန်ုပ်တို့သည် ဦးလေးအား ညွှန်ခံစရာဘာမှမရှိ၍ ဝါးလင်ပန်းထဲမှ ပန်းကန်ပြားအားယူကာ ဦးလေးအားချကျွေးတော့၏။ ဦးလေးက မြေပဲဝါးလိုက်၊ ပေါက်ပေါက်စားလိုက်နှင့် အာဘောင်အာရင်းသန်သန်ဖြင့် ကျွန်တော်တို့အား ဆုံးမစကားပြောလိုက်သေးသည်။

အဆုံးသတ်သော်ကား စနေနေ့ ညနေ (၂)နာရီ (၅၅)မိနစ်တွင် ဦးလေးအား ဖား၍လားမသိ ယတြာကောင်း၍လားမသိ ထိုနေ့တွင်တော့ ဦးလေးဆီမှ ငွေ (၃၀၀)ရလိုက်တော့၏။ ထိုနေ့ ညစာကား စား၍ မြိန်လှပေ၏။ တနင်္ဂနွေနေ့ကား လှပစွာ ချစ်သူ (၂)ဦးအား နေရာပေးပေ၏။

ဤစနေနံနက် (၆)နာရီ (၄၅) ဓာတ်ဆင်ခြင်းနည်းကား ဘိုင်ပြတ်သော ကျောင်းသားတိုင်းအတွက် လက်တွေ့အဆင်ပြေစေ၏။ ကျွန်ုပ်သည်လည်း ဝါးလင်ပန်းငှားရမ်းခြင်းဖြင့် ကျားမသန်းဌေးဆေးပေါ့လိပ်သောက်သောဘဝမှ ဒူးယားစီးကရက် လက်ကြားညှပ်သောဘဝကို ပိုင်ဆိုင်လေ၏။

❁ ❁ ❁

# ခမည်းပေးခြင်း



SONY

ကလေးသည် မကြာခဏ လန့်ခြင်း၊ အိပ်နေရာမှ ဆတ်ခနဲ ဖြစ်ပြီး ကြောက်ရွံ့စွာ အော်ဟစ်ငိုခြင်း၊ မကြာခဏ ကျန်းမာရေး ချူချာပြီး ဆရာဝန်ဆေးဝါးနှင့်မပြတ်ခြင်း၊ အနည်းငယ် အသားတက်လာလိုက် ချူချာလိုက်ပြန်ကျသွားလိုက်၊ ဆေးကုသလည်း မထူး၊ ဆေးမစူး ဘဲရှိနေပြန်။ အဓိပ္ပါယ်မဲ့ ချူချာ။

အထက်ပါကဲ့သို့ဖြစ်ရပ်များ ''မွေးကင်းစ အရွယ်မှ စကား တီတီတာတာပြောတတ်သော အရွယ်'' ထိုကြားကာလအရွယ်များတွင် ဖြစ်ပေါ်ပါက ခမည်းပေးသင့်ပါသည်။ ၎င်းအပြင် ခမည်းမပေးရသေး သော ကလေးများကိုလည်း ပေးသင့်၏။ ကလေးကျန်းမာရေးအတွက် ဆောင်ရွက်သော ရိုးရာဓလေ့ဖြစ်ပါသည်။ အပူရှိန်တက်ဖျားနာပြီး မှိန်းမောနေသော ကလေးတို့အား ချော့နေသော ဖခင်တို့ အပူပပျောက် စေခြင်းအလို့ငှာ ခမည်းပေးခြင်း နည်းစနစ်ကို တင်ပြအပ်ပါသည်။

**တနင်္ဂနွေနေ့ မွေးသောကလေး**

ငှင်းကလေးများအတွက် မြရတနာ၊ မြေ၊ ပုတီးတို့ကို ခမည်းပေးရပါသည်။ ခမည်းပေးရမည့်သူသည် အင်္ဂါနေ့မွေးသောသူ ဖြစ်ရပါမည်။

**တနင်္လာနေ့ မွေးသောကလေး**

ငှင်းနေ့မွေးသော ကလေးများအတွက် ရွှေ၊ ငွေ၊ လယ်၊ ရေကန်၊ ဝက် အစရှိသည်တို့ကို ခမည်းပေးရပါမည်။ စနေနေ့မွေးသောသူက ခမည်းပေးသောသူဖြစ်ရပါမည်။

**အင်္ဂါနေ့ မွေးသောကလေး**

တနင်္ဂနွေနေ့မွေးသောသူမှ ကလေးအား ဘုရားပုံတော်၊ ပုလဲရတနာခမည်းလက်ဆောင်ပေးရမည်။

**ဗုဒ္ဓဟူးနေ့နံနက်ပိုင်းနှင့် ညနေပိုင်းရာဟုတွင်မွေးသောကလေး**

ဗုဒ္ဓဟူးနေ့ မွေးသောသူမှ ခမည်းပေးရပါမည်။ ပေးရသော ခမည်းသည်ကား ကြက်ဖဖြူ၊ မဟူရာ၊ စာကလေးငှက်တို့ ဖြစ်ပါသည်။

**ကြာသပတေးနေ့ မွေးသောကလေး**

ပန်းအိုး၊ အိမ်၊ စက်၊ ဆေးတံ အစရှိသည်တို့ထဲမှ နှစ်သက်ရာကို ခမည်းပေးပါ။ သောကြာနေ့ မွေးသောသူမှ ကလေးအား ခမည်းပေးရမည်ဖြစ်၏။

သောကြာနေ့ မွေးသောကလေး


ရွှေလက်စွပ်၊ စက် အစရှိသည်တို့ ခမည်းပေးပါ။ ကြာသပတေး နေ့ ဖွားမြင်သောသူက ပေးရပါမည်။

စနေနေ့ မွေးသောကလေး

ဗုဒ္ဓဟူးနေ့ မွေးသောသူမှနေ၍ ခမည်းပေးခြင်း ပြုရပါမည်။ ကြက်အဖြူတစ်ကောင်၊ မြီး ရေတွင်း၊ အဖြူရောင်ဝတ်စုံ ၎င်းအနက်မှ နှစ်သက်ရာကို ခမည်းပေးရပါမည်။

ခမည်းပေးသောသူသည် ကလေး၏ မိဘ၊ ဘိုးဘွား၊ ဦးကြီး၊ ဦးငယ်၊ ဒေါ်ကြီး၊ ဒေါ်လေးအစရှိသည်တို့အတွင်းမှ ပေးရမည်။ ဆွေမျိုး အတွင်း ၎င်းနေ့မွေးသူများမရှိပါက နီးစပ်ရာ အကြီးအကဲတို့ထံ အကူအညီတောင်း၍ ခမည်းပေးပါ။

❀ ❀ ❀



# ကြေးကိုးပါးနှင့် ကြီးပွားခြင်း



ဗုဒ္ဓဘာသာဝင်တို့၏ အိမ်တွင် ပူဇော်ရန်အလို့ငှာ ရေးသားအပ်ပါသည်။ အိမ်တွင် ဘုရားစင်ထားရှိပြီး ဤနည်းအတိုင်းဆောင်ရွက်က လောကီ၊ လောကုတ္တရာ အကျိုး (၂)ဖြာစလုံး မလွဲမသွေ သေချာပေါက် ရရှိပေမည်။

အိမ်အေးချမ်းခြင်း၊ အိမ်သူအိမ်သားများ ညီညွတ်ခြင်း၊ ဘေးဆိုး၊ ကြမ္မာဆိုးများ မကျရောက်အောင် ကာကွယ်နိုင်ခြင်းရှိမည်။ ၎င်းအပြင် စီးပွားတိုးမည်။ ငွေအကြောင်းမဲ့ ထွက်ခြင်းကို ကာကွယ်သည်။ ရန်သူမျိုးငါးပါး အန္တရာယ်ကင်းသည်။ ကြီးပွားတိုးတက်သည်။ ဤအကျိုးများအပြင် ဖော်ပြနိုင်ခြင်းငှာ မစွမ်းသော အကျိုးကောင်းများ ရကြပေသည်။

ဘုရားစင်တွင်–

၁။ ကြေးဆင်းတုတော်

၂။ ကြေးရှင်သီဝလိရဟန္တာ

၃။ ကြေးရှင်ဉပ္ပဂုတ္တရဟန္တာ

၄။ ကြေးစည်

၅။ ကြေးမောင်း

၆။ ကြေးသပိတ်

၇။ ကြေးပန်းအိုး

၈။ ကြေးလင်ပန်း

၉။ ကြေးသောက်တော်ရေခွက်

အလုံးစုံသော ကြေး (၉)ပါးစလုံးသည် ကြေးဝါဖြစ်ရမည်။ ဤကြေးဝါ (၉)ပါး စုံလင်စွာ ထားရှိပြီး ဘုရားစင်အား သပ္ပါယ်ဖွယ်ရောင်စုံမီးထွန်းညှိပူဇော်ထားရှိ ကိုးကွယ်ပါ။

ကြီးပွားဖို့အရေး ကြေးဝါကိုးပါးနှင့် ကြေးပွားရသည်ဟူသော ဆိုကိန်းနှင့် ညီပေအံ့။

**ဤသို့ အစီအရင်ပြုသော ဘုရားစင်တွင် ပူဇော်သင့်သော တင်သင့်သော ပန်းများမှာ–**


သပြေ၊ ဂန္ဓမာအဖြူ၊ ဂန္ဓမာအဝါ၊ မြတ်လေး၊ သရဖီ၊ **ငွေပန်း၊ ကံ့ကော်ပန်း၊ မေမြို့ပန်း၊ သစ္စာပန်းတို့ ဖြစ်ပါသည်။**

ပန်းထိုးသောအခါ အရေအတွက်အားဖြင့် မ ဂဏန်းဖြစ်ရပါမည်။ ၎င်းတို့အနက်မှ အာရုံပေါ်၍ တင်လိုသောပန်းကို ဘုရားတင်ပန်းတင်ရန် ဖြစ်ပါသည်။

သစ်သီးဆွမ်း၊ နို့ဆွမ်း၊ ဆွမ်းဖြူ၊ ပေါက်ပေါက်၊ ကြံ သကာ ထန်းလျက်တို့ဖြင့် ဆွမ်းကပ်နိုင်ပါသည်။

အထင်အရှား ဘုရားအပေါ် ကိုးကွယ်ဆည်းကပ်ရသော အကျိုးကို ဒိဋ္ဌရပေမည်။ သင့်အိမ်ကျက်သရေ ''ကြေးဝါ(၉)ပါး'' ဘုရားစင်နှင့် တိုးတက်ပါစေသတည်း။

❁ ❁ ❁



# ဘာဆုတောင်းမလဲ

ကြောင်နှစ်ကောင်စာအုပ်တိုက်


ကျွန်မ...
ဘုရားသွားမယ်

ကျွန်ုပ်မွေးဖွားရာ ပြင်ဦးလွင်မြို့တွင် အလွန်ထင်ရှားသော ဗေဒင်ဆရာကြီးရှိပါသည်။ အမည်မှာ ဦးဝေလုဖြစ်ပါသည်။ အလွန်ရှည်သွယ်သော အရပ်ရှိသည်။ ဥပဓိရုပ်ကောင်းသည်။ အစီအမံအစီအရင်တွင် ပြိုင်ဘက်ကင်းအောင် ထူးချွန်သည်။ ဗေဒင်ပညာတွင်လည်း အထက်အညာတကြော သူ့ထက်သာသူ ထိုကာလတွင်မရှိ။

ကျွန်ုပ်၏ မိဘများနှင့် အလွန်ရင်းနှီးသည် စနေ၊ တနင်္ဂနွေကဲ့သို့ ရုံးပိတ်ရက်များတွင် အိမ်သို့ လာလည်လေ့ရှိသည်။ ထိုနေ့များတွင် အိမ်တွင် လူစုံလှပါသည်။

တစ်နေ့တွင် ကျောင်းကန်ဘုရားသို့သွားက ရနိုင်သော အကျိုးတရားများအကြောင်း ဆွေးနွေးကြပါသည်။ ဆရာကြီးဦးဝေလုက ဘုရား

တွင် ဆုတောင်းပြည့်သော နည်းတစ်ခုအား ပြောပြပါသည်။ ယနေ့တိုင် မှတ်ထားဆဲဖြစ်ပါသည်။ အလျင်းသင့်သလို ၎င်းနည်းပညာကို ကျွန်ုပ်တို့သည် မိတ်ဆွေများအား ဖြန့်ချိသုံးစွဲစေရာ အလွန်အကျိုးရှိလှကြောင်း ၎င်းတို့မှ ပြောကြပါသည်။

ကျွန်ုပ်က ဤနည်းကား ကွယ်လွန်သွားသူ ဆရာကြီးဦးဝေလု၏ နည်းပေးလမ်းပြစနစ်ဖြစ်ကြောင်းနှင့် ဆရာကြီးအား ကျေးဇူးတင်ဂါရဝပြုသင့်ကြောင်း ပြောမြဲဖြစ်၏။

ကျွန်ုပ်အပါအဝင် ဗုဒ္ဓဘာသာဝင် အများစုသည် အာရုံညွှတ်၍ ဘုရားသို့ တက်လိုသော ဆန္ဒတဖွားဖွားပေါ်သောအခါ ဘုရားသို့ သွားရောက်လေ့ရှိပါသည်။ ရင်ပြင်တော်အပေါ်ရောက်သောအခါ ဘာလုပ်ရ၊ ဘာလှူရ၊ ဘာပန်းကပ်ရမှန်း မသိအောင် ဖြစ်တတ်ပါသည်။ ဤသို့ မဖြစ်စေရန် ဆရာကြီးဦးဝေလု၏ နည်းပညာကို တင်ပြလိုက်ရပါသည်။

ဘုရားသို့သွားရောက်သောအခါ ရင်ပြင်တော်ပေါ်သို့ ရောက်သည်နှင့် ပထမဦးစွာ ဘုရားရိပ်ကိုခိုဟု ဆိုပါသည်။ ဘုရားစေတီတော်အား နေရောင်ခြည်ထိုးသောအခါတွင် ဖြစ်ပေါ်လာသော စေတီတော်၏ အရိပ်ကျရာအရပ်ကို ဘုရားရိပ်ဟု ခေါ်ပါ၏။ ဘုရားရိပ်တွင် တစ်ထောက် နားပြီးနောက် ၎င်းအရိပ်အောက်မှနေ၍ စေတီတော်ကြီးအား ကြည်ညိုစွာ ဖူးမျှော်၍ ရှိခိုးကန်တော့ရပါမည်။

၎င်းနောက် မိမိမွေးသောနေ့အလိုက်၊ အမြစ်၊ မူလ အညွန့်ကို ဆင်ခြင်ရမည်။

**ဥပမာ။** ။ တနင်္ဂနွေနေ့မွေးသောသူဖြစ်အံ့။ တနင်္ဂနွေနေ့ကို မူလဟုခေါ်သည်။ တနင်္ဂနွေနေ့ပြီး နောက်တစ်ရက် တနင်္လာနေ့ကို အညွန့်ဟုခေါ်သည်။ တနင်္ဂနွေနေ့မတိုင်မီ စနေနေ့ကို အမြစ်ဟု သတ်မှတ်၏။

ထိုကဲ့သို့ အညွန့်မူလအမြစ်တို့ကို ဆင်ခြင်ပြီးက အညွန့်ဖြစ်သော နံအရပ်ထောင့်ဘုရားတွင် အညွန့်လှူ၊ မူလဖြစ်သော အရပ်ထောင့်တွင်ရှိ ဂြိုလ်တိုင်တွင် ရွှေချပြီး အမြစ်ဖြစ်စေသော အရပ်ထောင့်ရှိ ဘုရားကို ရေသပ္ပါယ်ရန် ဖြစ်သည်။

အသေးစိတ် တစ်နေ့စီအလိုက် နည်းစံနစ်အလိုက် တွက်ချက်ပေးထားပါသည်။ ၎င်းအတိုင်း ဆောင်ရွက်ပါ။

**တနင်္ဂနွေနေ့မွေးသောသူများ**

ပထမဦးစွာ တနင်္လာထောင့်ရှိ ဘုရားတွင် ကံ့ကော်ညွန့် (၆)ညွန့်ကပ်လှူပါ။ ထို့နောက် တနင်္ဂနွေထောင့်ဂြိုလ်တိုင်တွင် ရွှေချပါ။ တဖန်စနေထောင့်ဘုရားတွင် ရေသက်စေ့ သပ္ပါယ်ပါ။ လိုရာဆုတောင်းပါ။

**တနင်္လာနေ့မွေးသောသူများ**

အင်္ဂါထောင့်ဘုရားတွင် ဇီးညွန့် (၁၅)ညွန့်ကပ်လှူပါ။ တနင်္လာဂြိုလ်တိုင်တွင်ရွှေချပါ။ တနင်္ဂနွေထောင့်ဘုရားတွင် ရေသက်စေ့ သပ္ပါယ်၍ လိုရာဆုတောင်းပါ။

**အင်္ဂါနေ့မွေးသောသူများ**

ဗုဒ္ဓဟူးထောင့်ဘုရားတွင် ရွက်လှ (၈)ညွန့်ကပ်လှူပါ။ အင်္ဂါဂြိုလ်တိုင်အား ရွှေချပါ။ ~~ဗုဒ္ဓဟူး~~ထောင့်ဘုရားတွင် ရေသက်စေ့သပ္ပါယ်၍ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးနေ့မွေးသောသူများ**

ကြာသပတေးထောင့်ဘုရားတွင် ပေါက်ပန်းဖြူ (၁၇)ညွန့်

ကပ်လှူပါ။ ဗုဒ္ဓဟူးဂြိုလ်တိုင်ကို ရွှေချပါ။ အင်္ဂါထောင့်ဘုရားတွင် ရေသက်စေ့သပ္ပါယ်၍ လိုရာဆန္ဒပြုဆုတောင်းပါ။

**ဗုဒ္ဓဟူးညနေပိုင်း ရာဟုမွေးသောသူများ**

ကြာသပတေးထောင့်ဘုရားတွင် ပျဉ်းမညွန့် (သို့မဟုတ်) ပေါက်ညွန့် (၁၂)ညွန့်ကပ်လှူပါ။ ရာဟုဂြိုလ်တွင် ရွှေချပါ။ အင်္ဂါထောင့်ဘုရားတွင် ရေသက်စေ့ သပ္ပါယ်၍ လိုရာဆုတောင်းပါ။

**ကြာသပတေးနေ့မွေးသောသူများ**

သောကြာထောင့်ရှိ ဘုရားတွင် သီဟိုညွန့် (၁၉)ညွန့်ကပ်လှူပါ။ ကြာသပတေးဂြိုလ်တိုင်တွင် ရွှေချပါ။ ဗုဒ္ဓဟူးထောင့်ဘုရားတွင် ရေသက်စေ့သပ္ပါယ်၍ လိုရာဆုတောင်းပါ။

**သောကြာနေ့ မွေးသောသူများ**

စနေထောင့်တွင် ဒေါန (၂၀) ညွန့်ကပ်လှူပါ။ သောကြာဂြိုလ်တိုင်ကို ရွှေချပါ။ ကြာသပတေးထောင့်ဘုရားတွင် ရေသက်စေ့သပ္ပါယ်၍ လိုရာဆုတောင်းပါ။

**စနေနေ့မွေးသောသူများ**

တနင်္ဂနွေထောင့်ရှိဘုရားတွင် အုန်း (၁၀) ညွန့်ကပ်လှူပါ။ စနေထောင့်တွင် ရွှေချပါ။ သောကြာထောင့်တွင် မိမိသက်စေ့ ရေသပ္ပါယ်၍ လိုရာဆန္ဒပြုပါ။

❁ ❁ ❁

င်နှစ်ကောင်စာအုပ်တိုက်

# ယူမေသော် (၂)

တကယ်လုပ်ဒါဟုတ်ရ ၇၈

ခွေးနှင့်လူသား ၉၅

ဘာဒါလုပ်နှင့် ဒါကျိုးပေးမလဲ ၁၀၁

မရောင်းရတဲ့ကုန် မရှိစေရ ၁၀၈

ကျား - မ ဘာလေးမွေးမလဲ ၁၁၅

ကတိစကား ၁၂၅

ငွေလက်လွန်သွားသလား ၁၃၁

နိုင်ငံခြားခရီး ၁၃၈

သင်္ဘောသားကတော် ၁၅၀

ပစ္စည်းပျောက် ရှာကြပါစို့ ၁၅၇

# တကယ်လုပ်အဟုတ်ရ



ကောင်းလိုက်တဲ့...
တာပဲ....

မုံရွာမြို့နှင့် မနီးမဝေးတွင် ပရစ်ကုန်းဟူသော ရွာငယ်လေး တစ်ခုရှိပါသည်။ ထိုရွာကလေးတွင် သူဌေးဦးချစ် – ဒေါ်ဌေးဌေးတို့သည် ရွာမျက်နှာဖုံးများ ဖြစ်ကြသည်။

သူဌေးဦးချစ်ဘဝမရောက်မီ နွားကျောင်းရင်း ကျောင်းတက်ရ သော နွားကျောင်းသား၊ မူလတန်းကျောင်းသား မောင်ချစ်သည် လေးတန်းအောင်သောအခါ စာဆက်သင်ရန် အခွင့်မသာ၍ ကျောင်း ထွက်ခဲ့ရ၏။ စွန့်စားလုပ်ရှားလိုသော ဆန္ဒရှိလှသော မောင်ချစ်သည် နွားကျောင်းသားဘဝကိုစွန့်၊ ရွာကိုစွန့်၍ ကားစပယ်ယာ လုပ်သည်။ ''ကိုကောက်ရ''၏ ကားသည် မြေ – ကျေး – ရှင်း ဟူသော ဌာနမှ ဝါဂွမ်းတင်သောကားကြီးဖြစ်ပါသည်။ ဂေါက်လှည့်၊ ဂျမ်းတုံးခရင်း စစ်ကိုင်း၊ မုံရွာတရိုးခြေဆန့်ခဲ့ရာမှ ၎င်းနှင့် မတင်းတိမ်တဲ အဖော်ကောင်း

၍ ချင်းတွင်းမြစ်ရိုးအတွင်း သဘော်လိုက် ဆီလောင်းဘဝသို့ တဖန် ပြောင်းကာ အရွယ်ရောက်လာ၏။ ချင်းတွင်းသဘော်သားဆီလောင်း မောင်ချစ်၏ သူတစ်ပါးအပေါ် ကူညီရိုင်းပင်းမှု၊ စိတ်စေတနာကောင်းမှု၊ ဖင်ပေါ့သွက်လက်မှုအား ဆက်ဆံဖူးသူအားလုံးက အသိအမှတ်ပြုကြ သည်။

ချင်းတွင်းမြစ်ရိုး တစ်လျှောက်သွားရင်း ကလေးတမူးဘက်မှ ခရီးသည် ကုန်သည်များနှင့် ရင်းနှီးရာမှ အညာကုန်နှင့် ကုလားကုန် လဲလှယ်ဖောက်ကားသူတို့၏ ကယ်ရီသယ်ယူသမားဘဝသို့ပြောင်းကာ ငွေအတန်စုမိသောအခါ ရွာပြန်၍ ငယ်ရည်းစားမဒွေးနှင့် လက်ထပ်၏ အိမ်ထောင်သည်ဘဝဖြင့် မြန်မာပြည်အနှံ့ ပျားရည်ဆမ်းခရီးထွက်ပြီး ရွာပြန်ရောက်သောအခါ စုထားသောငွေလောက်လောက်လားလား မရှိတော့။ ခရီးထွက်ရန်ကလည်း ဇနီးအား မခွာရက် ရှိစုမက်စုနှင့် ပဲလှော်ဖိုထောင်၍ မုံရွာနှင့် ပုရစ်ကုန်းကြား ကူးလူး၍ စီးပွားရေးလုပ်ရာ ၎င်း၏ အားနာလွယ်ခြင်း၊ ယုံလွယ်ခြင်း၊ သူတစ်ပါးအပေါ် မိမိကဲ့သို့ သဘောထားခြင်း၊ ဖြောင့်မှန်လွန်းခြင်း၊ လက်လွယ်လွန်းခြင်း၊ စေတနာ ကောင်းလွန်းခြင်း၊ အကြွေးပေးရဲခြင်း စာနာလွန်းခြင်း စသည်တို့ကြောင့် လူလိမ်တွေ လူညာတွေဒုက္ခပေး။ မိမိစိတ်ကောင်းရှိမှုအပေါ် အခွင့်အရေး ယူသူပေါ်နှင့် စီးပွားကစဥ့်ကလျားဖြစ်လာ၏။ ဇနီးသည်က နေ့စေ့လစေ့၊ ပဲလှော်ဖိုပင် ပြုတ်လုပြုတ်ခင် အနေအထားသို့ ရောက်၏။

တစ်နေ့ မုံရွာသို့တက်၍ ကြွေးတောင်းရာ တစ်ဖက်လူက ကတိမတည်၊ စကားပျက်၊ တစ်ဦးတစ်ယောက်စီကမှ ကြွေးမရ၍ ဈေးထိပ်ရေအိုးစင်တွင် ရေသောက်ရင်း တမာပင်အောက် ခြေပစ် လက်ပစ် ထိုင်ချလိုက်၏။ ဈေးထိပ်ကုလားအလီဆိုင်မှ လက်ဖက်ရည်နံ့ မုန့်ကြော်အနံ့၊ တရုတ်စိန်ပေါက်ခေါက်ဆွဲဆိုင်မှ ခေါက်ဆွဲကြော်ရနံ့တို့

သည့် မိမိ၏ ဆာလောင်မှုကို နှာခေါင်းဝမှ ကလူကြည်စယ်မှုပြုသော ဒဏ်ကို ကြံ့ကြံ့ခံနေရင်း အိတ်ထဲရှိ ငွေကိုထုတ်၊ ကားခကိုချန်၊ ကိုယ်ဝန်ဆောင်ဇနီးသည့် မငွေးအတွက် ခေါက်ဆွဲကြော်ဝယ်ပြီး ရွာပြန်ရန်ထလိုက်ဆဲ…

"ဟေ့ကောင် ငချစ်မဟုတ်လား"ဟုခေါ်သံကြား၍ လှည့်ကြည့်ရာ "ဟာ ဆရာဦးကောက်ရ ဘယ့်နှယ့် ဖိုးသူတော်ဝတ်ကြီးနဲ့…" အံ့သြတကြီးနှုတ်ဆက်လိုက်သည်။ သူတော်ကြီးဦးကောက်ရက ရေအိုးစင်မှ ရေကိုသောက်၍ တမာရိပ်တွင် အတူထိုင်ရင်း "ငါ ဆရာကောင်းတွေ့လို့ ကျွတ်ပြီကွ အခုသူတော်စင်တစ်ပါးနဲ့ မဟာမြိုင်ဘက် ကူးတော့မလို့ ပစ္စည်းပစ္စယတွေ လာစုတာ။ မင်းကြည့်ရတာ တယ်မဟန်ပါဘူးကွာ"

"ဆရာရယ်…"ဟု အစချီ၍ လူတွေက ပြန်မပေး၊ လက်လွှန်ထားသည်များ ပြန်မရနှင့် ကံနိမ့်၍ လုပ်ငန်းအဆင်မပြေသော အနေအထားနှင့် ဇနီးသည်အား မီးဖွားရန်အတွက်ပင် ငွေအခက်အခဲကြောင့် စိတ်ညစ်သောကရောက်နေခြင်းကို ဆရာရင်းဖြစ်သော ဦးသူတော်ကောက်ရအား စီကာပတ်ကုံးပြောပြနေ၏။

ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသော ဦးသူတော်ကောက်ရက "ကဲ ဒါဆို မင်းငါ့ဆရာနဲ့ လိုက်တွေ့ကွာ"

"ဆရာက ဖိုဝင်တောင်မှာ အဓိဋ္ဌာန်ဝင်နေတယ် ဒီညနေ အဓိဋ္ဌာန်ကထွက်မှာ"

ရွာတွင်ကျန်ခဲ့သောဇနီးအား စိတ်မချ၍ ပြန်မည်တကဲကဲလုပ်နေသော မောင်ချစ်သည် ဖိုးသူတော်ကြီး အတင်းဆွဲခေါ်၍ ဖိုဝင်တောင်သို့ ပါသွားတော့၏။

သူတော်ကိုကောက်ရ၏ ဆရာကား အလွန်ကြည်ညိုဖွယ်

ကောင်းလှပေသည်။ သူတော်ကောင်းတို့၏ အင်္ဂါရပ်အပြည့်၊ ကြည်လင်၍ ဂရုဏာထားသောမျက်ဝန်း၊ တည်ငြိမ်သောအမူအရာရှိသည်။ ထိုင်၍ ဦးချသော မောင်ချစ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း အလွန်ကြည်လင်ပြီး ဩဇာပြည့်သောအသံနှင့်–

"ဒီလူငယ် တယ်ဥပဓိရုပ်ကောင်းသကိုး"ဟု ပြော၏။

အရပ်ပုပြတ်ပြတ်၊ ဂင်တိုတို၊ ဂုတ်တိုတို၊ အသားမဲမဲ၊ ဆံပင်ထောင်ထောင်၊ ပူးမျက်လုံးကဲ့သို့ မှေးနေ၍ ရယ်လိုက်ပြုံးလိုက်ကမျက်လုံးပိတ်သွားမတတ်နှင့် ကာလရှည် ကွမ်းစား၍ အဝါနှင့်အနီစပ်ကြားကွမ်းဂျိုးတက်နေသောသွား၊ နှာခေါင်းကလည်း ပွသေးသည်။ ခြေဖဝါးလက်ဖဝါးတို့က အလုပ်ကြမ်းနှင့် မပြတ်သဖြင့် ကြမ်းတမ်းအက်ကွဲလျက်၊ ဤသို့သောသူကို ဥပဓိရုပ်ကောင်းလေစွဟု ချီးမွမ်းနေခြင်းအပေါ် ဦးသူတော်က နားမလည်စွာနှင့်ခေါင်းပြောင်ကြီးကို တဂျစ်ဂျစ်ကုတ်နေရင်း မောင်ချစ်အား ကြည့်ရာ...

ထူးခြားချက်ကား ၎င်း၏ ပကတိရိုးသားသော အသွင်တစ်ခုသည် ဤဆိုးလွန်းသောရုပ်ကို ဖယ်ရှား၍ အထင်းသားပေါ်နေ၏။ စေ့စေ့ကြည့်လေ အတွင်းသဘော အလွန်ဖြူသူဖြစ်ကြောင်း သတိထားမိလေဖြစ်သည်။

သူတော်စင်ပြောသော ဥပဓိရုပ်သည် အပေါ်ယံအရေပြားကို ဖောက်ထွင်း၍ အတွင်းနှလုံးသား၏ ရုပ်ကို ပြောခြင်းဖြစ်ကြောင်း နားလည်သွား၏။

"ဒကာ့သည်ပါ" ကယ်တင်စေလို၍ ခေါ်ဆောင်လာပါတယ်"ဟု ဦးသူတော်က သူတော်စင်အား ပြောလေ၏။

"လောကီကိစ္စ တယ်ရှုပ်သကိုး မောင်ရင့်ကံပေပဲ စေတနာ

ကောင်းခြင်းရဲ့ အကျိုးဆက်ကို ရစေမပေါ့''ဟု ဆိုကာ မောင်ချစ်အား အစီအမံတစ်ခုပေးသည်။ တဖန် စိတ်ကောင်းစေတနာကောင်းထားပြီး သမာအာဇီဝလုပ်ငန်းကိုလုပ်က ဤအစီအရင်သည် လူသားအားလုံး အတွက် အကျိုးပေးစေမည်ဖြစ်ကြောင်းပြော၍ အနန္တော အနန္တငါးပါးကို မမေ့ရန် ဆုံးမ၍...

''ကြိုးစားပေရော့''ဟု ပြော၏။

ညနေစောင်းသော် မောင်ချစ်သည် ဦးသူတော်နှင့် သူ၏ဆရာ သူတော်စင်ကြီးအား လမ်းခွဲနှုတ်ဆက်ခဲ့၏။

အိမ်အပြန်ရွာထဲမှသူများက မိန်းမပစ်ပြီး ခြေရှည်ရန်ကောဟု ဝိုင်းဝန်းအပြစ်တင်ကြသည်။ နေ့ခင်းကပင် မဒွေး ဗိုက်နာနေ၍ လူအများ မောင်ချစ်အား လိုက်ရှာနေကြောင်းပြောသဖြင့် အိမ်သို့ ခပ်သုတ်သုတ် ပြန်ရာ ခြံဝိုင်းထဲ ခရီးရောက်မဆိုက်ပင်...

''သားလေးဟဲ့... ဒီနေ့ဘာနေ့လဲ''

''သောကြာနေ့လေ''

''ချစ်တို့ မယ်ဒွေးတို့က ဟန်သကွယ်၊ သားဦးသောကြာ ပဒေသာဆိုဘဲ'' ဟူသော အရပ်လက်သည် ဒေါ်ဘုမ၏ အသံနှင့် တဝါးဝါး အော်ငိုနေသော ကလေးအသံ။

ပီတိအလုံးစုံသည် နှလုံးသားမှ ခန္ဓာတစ်ခုလုံးသို့ ရှိန်းခနဲ ဖြစ်သွားပြီး တပြုံးပြုံးကြီးဖြစ်နေသော မောင်ချစ်သည် တစ်ပါးသူ တားနေသည့်ကြားမှ မီးနေခန်းသို့ဝင်၍ ကလေးကိုချီ၊ မိခင်ကို ပြုံးပြပြီး။

''ကလေးက ငါ့ရုပ်အတိုင်းပဲဟ''ဟု အော်ကြီးဟစ်ကျယ် ပြောလိုက်ရာ။

''လှလိုက်မယ့်ဖြစ်ခြင်း...''ဟု ဆယ်အိမ်ခေါင်းကတော် အရီးမှုံ

က ပြောရာ လာရောက်ကူညီကြသောသူအားလုံးက ဝါးခနဲ ရယ်မော ကြလေတော့သည်။


ကလေးအဖေ မောင်ချစ်သည် ကလေးချီ၍ နို့တိုက်ကျွေးနေသော မဌေးကိုကြည့်ရင်း ထူးခြားသော အင်အားသစ်များ ရင်တွင်း ဖြစ်ပေါ်လာ၏။

သို့သော် ကလေးအနှီးဖိုးမှအစချီ၍ စဉ်းစားလိုက်ရာ အလုပ်၊ ငွေ အဆင်မပြေခြင်းအပေါ် ''တောက်''တစ်ချက် ခေါက်ရုံအပြင် မောင်ချစ် ဘာမှမတတ်နိုင်။

ဦးကောက်ရ၏ဆရာ သူတော်စင်ကြီး၏စကား...

''ကြိုးစားပေရော့''ဟူသော စကားသည် ရင်တွင်းတွင် ပဲ့တင်ထပ်နေ၏။ မှာကြားလိုက်သော အစီအရင်၊ အစီအမံကို စတင်ဆောင်ရွက်လေ၏။

**ပုလင်းတစ်လုံးကို စင်ကြယ်စွာဆေး၏။ ငွေရောင်ခြသေ့်ရုပ်ပါသော ဆယ်ပြားစေ့ကို သန့်စင်အောင်ဆေး၍ ပုလင်းထဲထည့်၏။ ၎င်းနောက် ပွင့်နေသော နှင်းဆီတစ်ပွင့်အား ပုလင်းထဲသို့ ဝင်အောင်ထည့် အုန်းရွက်တစ်ရွက်ထည့်၊ ပုလင်းထိပ်ကို ကြက်သွန်ဥတစ်လုံးနှင့်ပိတ်၍ တနင်္ဂနွေနေ့ နံနက် နေထွက်ချိန်မှာ အမြင့်တစ်နေရာတွင် တင်ထားလိုက်၏။**


ကြက်သွန်
ပုလင်း
အုန်းရွက်
နှင်းဆီ
ငွေဆယ်ပြားစေ့

အစီအမံကား ဤမျှသာတည်း၊ ထွက်ပြူစ နေရောင်သည် ပုလင်းကိုထိလာ၏။

''ဖျို့ ဦးမောင်ချစ်''

ခြံဝိုင်းအတွင်းမှ ခေါ်သံကြောင့် အိမ်ရှေ့ထွက်အကြည့်…

''မုံရွာကပါ ပဲလှော်ဖိုး လာချေတာ''

အကြွေးတောင်းရခက်သောသူက ငွေလာဆပ်လေပြီ။

''ခင်ဗျား ပဲလှော်ဖိုမှာ ပဲကြီး၊ ပဲချမ်းပါကြော်ဗျာ၊ မန္တလေး ဈေးချို လက်ဖက်တန်းက အော်ဒါရှိတယ်။ စရံကြို ယူထားလိုက်''

အလုပ်သစ်များ အပ်နှံရင်း အလုပ်မစမီကပင် စရံရိုက်လေပြီ။ မောင်ချစ်ပဲလှော်ဖို အလုပ်လက်မလည်ပြီ။ အကြော်ရုံပါချဲ့၍ လုပ်ရ၏။ ပဲလှော်၊ ပဲကြော်၊ ပဲလုံး၊ ပဲခြမ်း၊ ပဲဖြူ၊ ပဲဝါ၊ နှမ်းအစရှိသော ဈေးချိုလက်ဖက်တန်း တစ်ခုလုံး၏ အကြော်စုံဈေးကွက်အား အုပ်စီးမိလေပြီ။

ကြွပ်ရွသောအလှော်မှာ သန့်စင်သောဆီနှင့် နှစ်ပြန်၊ သုံးပြန် ကြော်ထားသော အကြော်များ၊ မူလပစ္စည်းကောင်းကောင်းသန့်သန့်နှင့် လက်ရာကောင်း စေတနာကောင်းသည့်အပြင် ပစ္စည်းမှန်၊ ဈေးမှန်သော ကြောင့် လက်ဖက်နှင့်တွဲသော အကြော်စုံလောကတွင် ရန်ကုန်မြို့ သိမ်ကြီးဈေးကပင် အော်ဒါမှာလာသည်အထိ မောင်ချစ် ကျော်ကြားလာ ၏။

မုံရွာတခွင်မှထွက်သော မြေပဲဆံစေ့များကိုလည်း စနစ်တကျ ခေါင်ရွေးချယ်ကာ ကြယ်အနီတံဆိပ်တပ်၍ မြေပဲလှော်အဖြစ် ထုတ်လုပ် ပြန်ရာ ထိုခေတ်ထိုကာလရှိ လူအတော်များများ ''မုံရွာမြေပဲလှော်''ဟု တခဲနက်အားပေးခဲ့ကြ၏။

အကြော်ဖိုအတွက် ပဲအဝယ်ထွက်ရင်း ပဲစိုက်တောင်သူများနှင့်

လည်း တရင်းတနှီးမိတ်ဖြစ်လာကာ မောင်ချစ်၏ ရိုးသားဂုဏ်နှင့် စေတနာအားကို အားကိုးလှ၍ ထွက်သမျှ ပဲ၊ နှမ်း၊ ရောင်းကုန်အဖြစ် အပ်ရာမှ ပွဲရုံကြီးတစ်ခုဖြစ်လာ၏။

ကုလားပဲ၊ မတ်ပဲ၊ အစရှိသည့် ထိုနယ်မြေတဝိုက်ရှိ ပဲမှန်သမျှ ကုန်စီးရာလမ်းကြောင်းသည် မောင်ချစ်ပွဲရုံမှ တစ်ဆင့်ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ မြို့ရွာများသာမက ပြည်ပနိုင်ငံခြားသို့ပို့သော အိတ်စပို့(စ်)ပဲသမားများ၏ ပင်မ ''ပဲဘုရင်ကြီး'' ဖြစ်လာခဲ့၏။

ဤဖြစ်ရပ်အား သာဓကပြု၍ ကျွန်ုပ်၏ မှတ်စုတွင် ဤအစီအရင်သည် လူတိုင်းလုပ်၍ရသည်။

စေတနာရိုးသားမှု၊ သမာအာဇီဝလုပ်ငန်း၌သာ ဤအစီအမံ အောင်မည်။ ဗေဒင်နည်းပညာအရ ခွဲခြားစိတ်ဖြာ၍ ဤအစီအရင်အား သုံးသပ်ရာတွင်...

''ပုလင်း''

ပု = ကြာသပတေးနံ

လင်း = ဗုဒ္ဓဟူးနံ

ကြာသပတေးနံ = ၅ ဗုဒ္ဓဟူးနံ = ၄ ဖြစ်ရာ ပုလင်းဟူသော စာလုံးသည် ၅ + ၄ = ၉ နဝင်းဓာတ်ဖြစ်သည်။


တဖန်ကြာသပတေးဂြိုလ်သက်၁၉၊ ဗုဒ္ဓဟူးဂြိုလ်သက်= ၁၇

၁၉ + ၁၇ = ၃၆

၃ + ၆ = ၉

၉ နဝင်းဓာတ်ရပါသည်။

လာဘ်လာဘ၊ လာဘ်ပွင့်၊ လိုဘပြည့်၊ လမ်းပိတ်နေသည်များ လမ်းပွင့်ရန် လမ်းဖြောင့်ဖြူးရန် လိုဘပြည့်စေရန် ကက်ကင်းဓာတ်ကိုယူထား၏။




ကိုးနဝင်းဓာတ်ကို အခြေခံသော အစီအရင်ဖြစ်သည်။

''ငွေခြသေ့်ဆယ်ပြား''

နဝင်းကိန်း ဆင်ထားခြင်းဖြစ်ပြန်သည်။ နံအလိုက်

ငွေ + ခြ + သေ့် + ဆယ် + ပြား

၂ + ၂ + ၆ + ၃ + ၅

= ၁၈

= ၁ + ၈

၉ ဂဏန်းရသည်။

ထို့ကြောင့် ခြသေ့်ရုပ်ပါသော ဆယ်ပြားစေ့ကို သုံးသည်။

''ငွေသား တစ်ဆယ်'' ဟု ယူဆကြည့်သောအခါ...

ငွေ = တနင်္လာနံ ဂြိုလ်သင်္ချာ ၁၅

သား = သောကြာနံ ဂြိုလ်သင်္ချာ ၂၁

ငွေသား = ၁၅ + ၂၁ = ၃၆ = ၃ + ၆ = ၉ (နဝင်းဓာတ်)

တစ် = စနေနံ ဂြိုလ်သင်္ချာ ၁၀

ဆယ် = အင်္ဂါနံ ဂြိုလ်သင်္ချာ ၈

တစ်ဆယ်= ၁၀ + ၈ = ၁၈ = ၉ (နဝင်းဓာတ်)

ဖြစ်ရာ ခြသေ့်ရုပ်ပါသော ဆယ်ပြားစေ့မရှိသူများက ဥပမာ (ပြည်ပရောက်သူများက) ၎င်းနိုင်ငံသုံး ''ငွေသားတစ်ဆယ်''ငွေတစ်ဆယ်တန်စက္ကူထည့်၍ သုံးနိုင်ကြောင်း တွေ့ရပါသည်။

ဥပမာ ယန်း ၁၀ တန် ငွေစက္ကူ

ဒေါ်လာ ၁၀ တန် ငွေစက္ကူ

ဘတ် ၁၀ တန် ငွေစက္ကူ ကို အစားသုံးနိုင်ပါသည်။

"အုန်းရွက်"

အုန်း = တနင်္ဂနွေနံ ၁

ရွက် = ရာဟု ၈

အုန်းရွက်= ၁ + ၈ = ၉ ကိုးနဝင်းဓာတ်ရပြန်သည်။

"နှင်းဆီ"

နှင်း = စနေနံဂြိုလ်သက် ၁၀

ဆီ = အင်္ဂါဂြိုလ်သက် ၈

နှင်းဆီ = ၁၀ + ၈ = ၁၈ = ၉ ကိုးနဝင်းဓာတ်ရပါသည်။

"ကြက်သွန်"

ကြက် = တနင်္လာနံ၊ ဂြိုလ်သက် ၁၅

သွန် = သောကြာနံ၊ ဂြိုလ်သက် ၂၁

ကြက်သွန် = ၁၅ + ၂၁ = ၃၆ = ၉ ကိုးနဝင်းဓာတ်ကို ရ၏။

တဖန်လေ့လာသော်...

"ကြက်သွန်ဥ"

ကြက် = တနင်္လာနံ ၂

သွန် = သောကြာနံ ၆

ဥ = တနင်္ဂနွေနံ ၁

ကြက်သွန်ဥ = ၂ + ၆ + ၁ = ၉ ကိုးနဝင်းဓာတ်ရပြန်၏။

ပုလင်းထဲ ငွေဆယ်ပြားစေ့ သို့မဟုတ် ငွေသား ၁၀ တန် တစ်ရွက်ထည့်၍ ပုလင်းကို ကြက်သွန်ဥဖြင့် ပိတ်ပါ။ ဤကား

အလွန်ထူးခြားသော နဝင်းများ အစီအရင်ဖြစ်ပြီး လာဘ်လာဘအတွက် အစီအရင်ဖြစ်ကြောင်း ထင်ရှား၏။

ဆောင်ရွက်ရမည့် ကာလကို တနင်္ဂနွေနေ့ နေထွက်ချိန်ဟု သတ်မှတ်သည်။

တနင်္ဂနွေနေ့၏ နေထွက်ချိန်ကို မြန်မာနိုင်ငံတွင်သုံးသော လအလိုက် မြန်မာစံတော်ချိန်နှင့်ညှိ၍ ဆောင်ရွက်ရန် ဇယားအလိုက် နေထွက်ချိန်ဇယားကွက်ကို တင်ပြအပ်ပါသည်။

| လ | နေထွက်ချိန် |
|---|---|
| တန်ခူး | ၆ း ၀၀ |
| ကဆုန် | ၅ း ၅၀ |
| နယုန် | ၅ း ၄၀ |
| ဝါဆို | ၅ း ၃၀ |
| ဝါခေါင် | ၅ း ၄၀ |
| တော်သလင်း | ၅ း ၅၀ |
| သီတင်းကျွတ် | ၆ း ၀၀ |
| တန်ဆောင်မုန်း | ၆ း ၁၀ |
| နတ်တော် | ၆ း ၂၀ |
| ပြာသို | ၆ း ၃၀ |
| တပို့တွဲ | ၆ း ၂၀ |
| တပေါင်း | ၆ း ၁၀ |

မှတ်ချက်။ ။ ကမ္ဘာ့ အခြားနေရာများတွင်လည်း ခေတ်မီနည်း စံနစ်အရ တစ်နေ့တာ နေထွက်ချိန်ကို ဒေသ အလျောက် ရှာဖွေ၍ တနင်္ဂနွေနေ့တွင် ဆောင်ရွက်ပါ။


အထက်ပါ ဇယားသည် မြန်မာနိုင်ငံအတွက် တင်ပြခြင်းဖြစ်ပါသည်။

ပုလင်းကို အမြင့်တစ်နေရာတွင် တင်ထားရုံသာ ဖြစ်၏။ ကျဉ်းမြောင်းသည် လွယ်လွန်း၍ အလွန်ထူးခြားသော နဝင်းခေတ်ရှိပြီး လူမျိုးမရွေးဘာသာမရွေး လုပ်နိုင်သော ဤအစီအရင်အား လုပ်ငန်းခွင်တွင် လက်တွေ့သုံးကြည့်ပါသည်။ လူသားတို့ အထူးအကျိုးရှိကြောင်း တွေ့ရပါသည်။ သို့သော် အမိကအောင်သူများကား သမာအာဇီဝလုပ်ငန်းအပေါ် ရိုးသားပြီး စေတနာထားသူများအတွက်သာ အောင်မြင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

❀ ❀ ❀



# ခွေးနှင့်လူသား



ခွေးနှင့် ပတ်သက်၍ ဗေဒင်ပညာတွင် အတိတ်ယူ နိမိတ်ယူခြင်း ခွေးကို အကြောင်းပြု၍ ယတြာချေခြင်းများ ပြုဆောင်နိုင်ကြောင်း တွေ့ရပါသည်။

မိမိလမ်းခရီးသွားစဉ် ***ခွေးလိုက်ခံရပါက*** ကျေးဇူးကန်းသူများနှင့် တွေ့မည့်နိမိတ်ဖြစ်သည်။ လူကြီး၊ သူကြီးဖြစ်ပါကမူ တပည့်လက်သားများ သစ္စာဖောက်ခြင်းကြုံမည်။ စီးပွားရေးသမားများအတွက်မူ လောင်ကုန်ရောင်းကုန်များ ဈေးကျခြင်း၊ ဖောက်သည်များနှင့် မိတ်ပျက်ခြင်းရှိမည်။ ကျောင်းသူကျောင်းသားများအတွက်မူ ဆရာ၏ ပြစ်တင်ကြိမ်းမောင်းခြင်းကို ခံရခြင်း၊ ပစ္စည်းပျောက်ခြင်းများ ဖြစ်တတ်သည်။ လူကြီးသူမများကမူ မိမိက ကျေးဇူးပြု၍ ကျေးဇူးပြန်မဆပ်သည့်အပြင်

ကျေးဇူးကန်ခြင်းကိုပင် ခံရတတ်သည်။

***ခွေးဖင်ဒရွတ်ဆွဲနေသည်ကို*** မြင်က အလွန်ကောင်းသော နိမိတ်ဖြစ်သည်။ ပျို့ရွယ်သူများ ပြတ်နေသော ချစ်သူဟောင်းမှ ပြန်လည် အဆက်အသွယ်ပြုမည်။ နေအိမ်မိသားစုတွင် ပြတ်နေသော မိတ်ဟောင်း ဆွေဟောင်းများ ရောက်ရှိခြင်း၊ စုပေါင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း ရှိမည်။ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ ညှိကောင်း ဆောင်ကောင်းများ အိမ်သို့ရောက်မည်။

***ခွေးနှစ်ကောင်သတ်ပုတ်နေသည်ကို*** အိမ်ရှေ့အဝင်ဝ တည့်တည့်တွင်လည်းကောင်း၊ အိမ်ခြံဝင်းအတွင်းတွင်လည်းကောင်း၊ မြင်ရပါက အမှုအခင်းဖြစ်မည့် နိမိတ်ဖြစ်သည်။ ပြဿနာဖြစ်တတ်သည်။ မဖိတ်ခေါ်ဘဲ ပြဿနာ အိမ်သို့ရောက်မည်။ သူများပြဿနာ ကိုယ့် ပြဿနာဖြစ်တတ်သည်။ ရန်သူမျိုးငါးပါးအန္တရာယ် ကျရောက်တတ်သည်။

***ခွေးကိုက်ခံရလျှင်*** အလွန်ကံနိမ့်မည်။ စွပ်စွဲခံရမည်။ နာမည် သိက္ခာ ထိခိုက်တတ်သည်။ နာမည်ပျက်ရှိသူများနှင့်တွဲ၍ သမုတ်ခံရ တတ်သည်။ ရိုးစွပ်ခံရတတ်သည်။ အမျိုးသားကမူ အိမ်ထောင်ရေး ထိခိုက်သည်အထိ အမျိုးသမီးကိစ္စ စွပ်စွဲခံရမည်။ အိမ်တွင်း မိမိအောက် ငယ်သူများက မရှိမသေပြုခြင်းခံရမည်။ လုပ်ငန်းခွင်မှ သူများအဖို့ လက်အောက် ငယ်သားများအတွက် ပြဿနာဖြေရှင်းရခြင်း ကြုံမည်။

***ခွေးငယ်ကို ခွေးကြီးက ချီပြေးသည်ကို***မြင်က အထူးကောင်း သည်။ ငွေအစုလိုက်ရမည်။ ထီပေါက်မည်။ နီးရာထီဆိုင်တွင် ၂ ဂဏန်းပါအောင် ထီထိုးပါ။ ဂုဏ်သရေရှိသူများ၏ မစမှုခံရမည်။ အကြီးအကဲနှစ်သက်သည်၊ ပညာရှာသူများ ဆရာကောင်း သမားကောင်း တွေ့မည်။ လုပ်ငန်းခွင်မှသူများ ရက်ပိုင်းအတွင်း ရာထူးတိုးမည်။

***အိမ်ရှေ့တည့်တည့်တွင် ခွေးတစ်ကောင်လာထိုင်၍အူခြင်း***

ကြောင်နှစ်ကောင်စာအုပ်တိုက်

ပြုက အလွန်ဆိုးသော နိမိတ်ဖြစ်သည်။ မကောင်းပြောခြင်းခံရမည်။ စွပ်စွဲခံရမည်။ တရားစွဲခြင်း ခံရမည်။ မကောင်းသောသတင်းစကားများ ကြားသိကြုံတွေ့ရမည်။ စိတ်အနှောင့်အယှက်များကြုံမည်။ မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကျန်းမာရေးအညံ့များ ကြုံမည်။

ဤကား ခွေးနှင့် ပတ်သက်၍ နိမိတ်ဖတ်ခြင်းတည်း။ *ဤသို့ နိမိတ်များမြင်ပါက ဟင်းရည်လိုက် ကြွေပန်းကန်အတွင်း၌ ဆန်နို့ဆီဘူး တစ်လုံးထည့်ပါ။ ၎င်းအပေါ်တွင် ကြက်သွန်နီဥတစ်လုံး၊ ကြက်သွန်ဖြူဥတစ်လုံး၊ ငရုတ်သီးတစ်တောင့်၊ ကြက်ဥတစ်လုံးတင်၊ ကြက်ဥပေါ်တွင် ဖယောင်းတိုင်တစ်တိုင်တင်၍ထွန်းပါ။ ကောင်းခြင်းရှိက ချက်ချင်းလက်ငင်း အကျိုးပေး၍ ဆိုးသည်ဖြစ်ကလည်း ဆိုးသည့်အဖြစ်များ မကျရောက်နိုင်။*

*ထပ်မံတင်ပြလိုသည်မှာ ခွေးအား ထမင်းကျွေး၍ စီးပွားတက်သည်၊ လုပ်ငန်းအောင်မြင်သည်ဟူသော အယူအဆတစ်ခု တင်ပြအပ်ပါသည်။ လာဘ်ခေါ်ယတြာ မြောက်မြားစွာအနက်မှ တစ်ခုဖြစ်ပါသည်။*

*ထမင်းကို ညာလက်နှင့် ဆုတ်ပြီး လာဘ်ပွင့်စေဟု (၇)ခါ ရွက်ကာ ဤနည်းအတိုင်း ထမင်း(၇)ဆုပ် ဆုပ်၍ ထမင်းကျွေးပါ။ ထူးခြားစွာ စီးပွားလာဘ်လာဘများ ရက်ပိုင်းအတွင်း ပွင့်လိမ့်မည် ဟု ဆိုသည်။*

❋ ❋ ❋

# ဘာအလုပ်နဲ့ အကျိုးပေးမလဲ

ကြေးနန်းစကောင်စာအုပ်တိုက်

အရှယ်ရောက်လာသော လူသားတို့သည် တစ်စုံတစ်ရာသော လုပ်ငန်းများ လုပ်ကိုင်ကြသည်။ တစ်ချို့သည် မိဘလက်ငုတ်အား လုပ်ကြသည်။ အချို့သည် ဝါသနာပါရာကို လုပ်ကြသည်။ အချို့သည် ကား ရသောအလုပ်ကို လုပ်ကြသည်။ အမှန်စင်စစ်မူကား လူသားတို့သည် မိမိအတွက် အကျိုးပေးသော လုပ်ငန်းအား လုပ်သင့်ကြသည်။

ဘယ်လုပ်ငန်းနှင့် မိမိအကျိုးပေးသနည်းဟူသော မေးခွန်းသည် ကျွန်ုပ်တို့ ဤကာလဗေဒင်လက္ခဏာဟောပြောသူများသာမက ရှေးယခင် ပညာရှင်ကြီးများတွင်လည်း မေးမြန်းခံရမည်မှာ မလွဲပေ။ ကျွန်ုပ်၏ မှတ်စုတွင် အကျိုးပေးသော အလုပ်ရှာဖွေနည်း ဟောကိန်းရှိပါသည်။ အလွန်ရှေးကြသော ပျောက်ကွယ်လုနီးဖြစ်သော မြန်မာ့ရိုးရာဟောကိန်း တစ်ခုဖြစ်ပါသည်။

ရှေးပညာရှင်ကြီးများ၏ အဆိုအမိန့်မှာ လူတစ်ဦး၏ မြန်မာ

မွေးသက္ကရာဇ်ကိုတည်၍ (၇)ဂဏန်းဖြင့်စားကာ ရသောအကြွင်းအား အသုံးချ၍ ဟောသောနည်းဖြစ်ပါသည်။

ထိုဟောကိန်း၏ အဓိကသော့ချက် လင်္ကာတစ်ခုရှိပါသည်။ ထိုလင်္ကာကား…

"မင်း၊ ကုန်၊ မတ်၊ ဌေး၊ လက်၊ ရှန်း၊ ဒွေး"ဟူ၍ ဖြစ်ပါသည်။

အကျယ်ဖွင့်ဆိုရသော်…

မင်း မင်းအစိုးရ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေးရာ၊ ဌာနဆိုင်ရာ အကြီးအကဲ၊ ကုမ္ပဏီလုပ်ငန်းများတွင် တာဝန် ထမ်းဆောင်သူများ၊ ရဟန်း သံဃာတရားဟောပြော သူများစသည့် လုပ်ငန်းအမျိုးအစားအား ဆိုလိုပါ သည်။

ကုန် ကုန်သည်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ပွဲရုံလုပ် ငန်း သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ စတိုးဆိုင်၊ ကုန် ထုတ်လုပ်မှုလုပ်ငန်း အမျိုးအစားများအား ဆိုလိုပါ သည်။

မတ် အကြံပေး၊ ရှေ့နေ၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ၊ အတိုင်ပင်ခံစကားပြောခြင်းအတတ်နှင့် အသက်မွေး သူ၊ အတတ်ပညာဆိုင်ရာလုပ်ငန်း၊ စာပေ၊ နိုင်ငံရေး အမတ်။

ဌေး ငွေကြေးကို အခြေတည်၍ လုပ်သောသူများ၊ ဘဏ်

လုပ်ငန်းရှင်၊ ငွေကြေးဈေးကွက်ရောင်းဝယ်သူ၊ ငွေတိုးပေးသူ၊ စွန့်စားရဲ့စွာ လုပ်ရမည့်လုပ်ငန်း၊ ချမ်းသာမှု ငွေရလိုမှုအတွက် အဓိကလုပ်သောလုပ်ငန်း။

လက် လက်မှုပညာ၊ တည်ဆောက်ရေး၊ တီထွင်မှု၊ ပန်းချီ၊ ပန်းပုအနုပညာ၊ ရွှေပန်းထိမ်လုပ်ငန်း၊ လက်မှုစွမ်းရည်ဖြင့်လုပ်သောလုပ်ငန်း။

ရှန်း ကိုယ်ကာယလုပ်အား ရှန်းကန်စိုက်ထုတ်၍လုပ်သောလုပ်ငန်း ကာယလုပ်သားကြီးများ၊ ဆိုက္ကားနင်းသမား၊ လက်သမား၊ လှေလိုက်၊ စိုက်ပျိုးမှုနှင့် မွေးမြူမှုလုပ်ငန်း၊ ယာဉ်ကားမောင်းနှင်မှု၊ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းစု။

ဒွေး ပုံမှန်လုပ်ငန်းမျိုးစုံ၊ ပွဲစား၊ ကားပွဲစား၊ အိမ်ပွဲစား ကာလပေါ်ပင်လုပ်သော လုပ်ငန်းများလုပ်ကိုင်သူ၊ လောင်းကစားခေတ်ကာလအလိုက် ငွေရလွယ်သော ခေတ်စားသောလုပ်ငန်း။

ဤသို့ လုပ်ငန်းအမျိုးအစား (၇)မျိုးအား ခွဲထားပါသည်။ အစဉ်အတိုင်းမင်းမှ အစချီ၍ ဒွေးအဆုံး (၇)လုံး တန်းစီရေးချပါ။ မွေးသက္ကရာဇ် မြန်မာနှစ်အား (၇)ဖြင့်စား ရသောအကြွင်းအား မင်းနေရာမှစ၍ ဂဏာန်းအစဉ်အတိုင်းရေးချကာ မိမိမွေးနံဂဏာန်းသည် မည်သည့်အလုပ်နေရာတွင် ရောက်နေသည်ကို ကြည့်ပါက ထိုအလုပ်သည် မိမိအတွက် အကျိုးပေးသည်ဟု သတ်မှတ်သည်။


ပိုမိုရှင်းလင်းစေရန်အတွက် တွက်ချက်တင်ပြအပ်ပါသည်။ ၁၃၃၀

ခုနှစ်မွေးသော ကြာသပတေးသမီး မည်သည့်အလုပ်နှင့် အကျိုးပေးမည်နည်း။

၁၃၃၀ ÷ ၇ = ၀ ကြွင်းဖြစ်ပါသည်။

'၀'ကြွင်းအား (၇)အကြွင်းဟုလည်း သတ်မှတ်သည်။ လူတိုင်းအတွက် ဤလက်ာအား ဤသို့ ပုံသေရေးရမည်။

**မင်း – ကုန် – မတ် – ဌေး – လက် – ရှန်း – ဒွေး**



ၾငင်းကဲ့သို့ချရေးပြီးက **အကြွင်းရလာဒ်အား မင်းနေရာမှ စချရမည်။**

| မင်း | ကုန် | မတ် | ဒွေး | လက် | ရှန်း | ဒွေး |
|---|---|---|---|---|---|---|
| ၇ | ၁ | ၂ | ၃ | ၄ | ⑤ | ၆ |

အကြွင်း (၀)သို့မဟုတ် (၇)မှစ၍ ၇၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ ဤသို့ရေးကာ ကြာသပတေးနေ့ မွေးသူဖြစ်ရာ ၅ ဂဏန်းနှင့် တိုက်ဆိုင်သော လုပ်ငန်းအားကြည့်ရာ လက်ရှန်းအားကိုးဖြင့် လျှမ်းလျှမ်း တောက်နိုင်၍ သူမသည် အမျိုးသားများနှင့် တန်းသူယှဉ်ကာ ကိုယ် ကာယ ပင်ပန်းမှုကိုပင် ခံနိုင်ရည်စွမ်းရည်ဖြင့် ဘ၀အား လုပ်ကိုင်ကာ အောင်မြင်အကျိုးပေးခြင်းရှိမည်။ စက်မှု စိုက်ပျိုးရေးလုပ်ငန်းများ၊ ယာဉ် ကားထုတ်လုပ်ခြင်း၊ စက်ရုံလုပ်ငန်း ထုတ်လုပ်ခြင်းများနှင့်တကွ၊ ခရီးသွား နှင့် လူထုဆက်ဆံရေး လုပ်ငန်းများ အကျိုးပေးကြောင်း။

ဤကား ရှေးမြန်မာ့ရိုးရာနည်းပညာတည်း။ အကျိုးပေးသော လုပ်ငန်းများအား ရှာဖွေ၍ စနစ်တကျဆောင်ရွက်ကြည့်ပါ။ ဉာဏ်ချဲ့၍ လုပ်ကိုင်ပါ။ ကေန်မလွဲအောင်မြင်ပေအံ့။

✿ ✿ ✿



# မရောင်းရတဲ့ကုန် မရှိစေရ



မှန်းထားသလို အဆင်မပြေ။ မြတ်မည်ထင်၍ သိုလှောင်ထားရာမှ ကုန်ရောင်းမရ၍ စိတ်ညစ်နေသူများ ရှိကြ၏။ ဆိုင်ကြီးများဖွင့်လှစ်၍ ရောင်းချရာတွင်လည်း ဆိုင်ခ၊ အလုပ်သမားခနှင့် ရောင်းရငွေမမျှ၍ စိတ်ညစ်နေသူများရှိ၏။ နံနက်မိုးလင်း ခေါင်းရွက်၊ ထမ်းပိုး၍ ဈေးရောင်းထွက်ရာ ကုန်ရောင်းမထွက်၍ ခြေပစ်လက်ပစ် သောကရောက်နေသူများ ရှိကြသည်။

ကျွန်ုပ်တို့ မြန်မာ့ရိုးရာပညာရပ်များတွင် အမြန်ရောင်းထွက်အရောင်းသွက်စေရန် ဆောင်ရွက်သောနည်းပညာရှိပါသည်။ လက်တွေ့ဆောင်ရွက်၍ အရောင်းကံပွင့်စေရန် အလို့ငှာ တင်ပြအပ်ပါသည်။

**တနင်္ဂနွေနံပစ္စည်း**

တနင်္ဂနွေနံ ကုန်ပစ္စည်းများ ရောင်းလိုက နံနက် ဆိုင်အခင်း ဩဇာကိုင်းနှင့် သုံးချက်ရိုက်ပါ။ ရောင်းရပါလိမ့်မည်။ တနင်္ဂနွေနံ ကုန်ပစ္စည်းများမှာ အုန်း၊ ဥမှအစ အိမ်အထိ မရောင်းမရမရှိ ရောင်းထွက်စေမည်။

**တနင်္လာနံကုန်ပစ္စည်း**

ရောင်းလိုသော တနင်္လာနံ ကုန်ပစ္စည်းကို ကင်ပွန်းကိုင်းနဲ့ သုံးချက်ရိုက်ပြီးဈေးကွက်အရောင်းဖွင့်လိုက်ပါ။ ဝယ်လက်ကောင်းတွေ၍ ရောင်းကောင်းအဆင်ပြေသွားပါလိမ့်မည်။

ကားမှအစ၊ ငါး၊ ငါးခြောက်အဆုံး ဤသို့ဆောင်ရွက်၍ အဆင်ပြေသော အနေအထားကို ရရှိပါလိမ့်မည်။

**အင်္ဂါနံကုန်ပစ္စည်း**

ရောင်းလိုသော အင်္ဂါနံကုန်ပစ္စည်းကို ဆီးကိုင်းနှင့် သုံးချက်ရိုက်ပါ။ ဆီ၊ စက်၊ ဆေး အစရှိသည့် အင်္ဂါနံကုန်ပစ္စည်းအလွယ်တကူ ရောင်းထွက်မည်။

**ဗုဒ္ဓဟူးနံကုန်ပစ္စည်း**

ဗုဒ္ဓဟူးနံကုန်ပစ္စည်းများ မရောင်းရ၊ ရောင်းမထွက်ပါက ရှောက်ကိုင်းနဲ့ (၃)ချက်ရိုက်၊ ရောင်းရပါလိမ့်မည်။

**ကြာသပတေးနံကုန်ပစ္စည်း**

ကြာသပတေးနံကုန်ပစ္စည်းများ မြန်မြန်ရောင်းထွက်လိုပါက ပျဉ်းမကိုင်းနှင့် သုံးချက်ရိုက်ပါ။ ထူးခြားလာလိမ့်မည်။

**သောကြာနံကုန်ပစ္စည်း**


သောကြာနံ ကုန်ပစ္စည်းများ မြန်မြန်ရောင်းထွက်လိုက သရက်ကိုင်းနှင့် သုံးချက်ရိုက်ပါ။ အရောင်းသွက် အဝယ်လိုက်လာပါလိမ့်မည်။

**စနေနံကုန်ပစ္စည်း**

စနေနံကုန်ပစ္စည်းများ ရောင်းမရဖြစ်နေပါက ဒန်းကိုင်းနှင့် သုံးချက်ရိုက်ပါ။ အရောင်းသွက်၊ ချက်ချင်းထွက်မည်။

ဤကား မြန်မာ့ရိုးရာရှေးဟောင်းနည်းတစ်ခုဖြစ်ပါသည်။ ခေတ်လူများ ပြန်လည် အသုံးချ၍ အကျိုးရှိပါလိမ့်မည်။

❁ ❁ ❁



# ကျား။ မ ဘာလေးမွေးမလဲ



သားဆို.. သား...
ဟင်းအင်း... သမီး..ပဲ သမီးပဲ...

မြန်မာ့ရိုးရာ လက်ဆန်းပညာအလိုအရ မိခင်တစ်ဦးမွေးမည့် ကလေးသည် သားယောကျ်ားလေး၊ သမီးမိန်းကလေးဖြစ်မည်ကို ဟောသောနည်းရှိပါသည်။

*မိခင်၏ ကလေးမီးဖွားမည့် ရောက်ရှိနေသော အသက်ကိုတည် ၎င်းအသက်ကို (၂၀)နှင့်ပေါင်း၊ ရလာဒ်ကို (၂)နှင့်စားပါ။*

*၁ ကြွင်းပါက သားယောကျ်ားလေးမွေးမည်။*

*၀ ကြွင်းပါက၊ စား၍ပြတ်ပါက သမီးမိန်းကလေးမွေးမည်။*

*ဥပမာ။ ယခု ၂၀၀၁ ခုနှစ်တွင် အသက် ၂၈ နှစ်အရွယ်ရှိ မိခင်မှ ကလေးမွေးမည်...*

*မိခင်၏ ကလေးမွေးသောအခါရှိသော အသက် = ၂၈*

*အသက် + ၂၀ = ၂၈ + ၂၀ = ၄၈*

*၎င်း (၄၈)ဂဏန်းကို (၂)နှင့်စားသော် ပြတ်၏။ အကြွင်း (၀) ဖြစ်၏။ ထို့ကြောင့် ယခုမွေးသောကလေးသည် မိန်းကလေး ဖြစ်မည်။*

၎င်းနည်းစနစ်သည် ရာနှုန်းအတော်အတန်မှန်သော နည်းတစ်ခု ဖြစ်ပါသည်။

ထပ်မံ၍ နည်းတစ်ခုကို တင်ပြလိုပါသည်။ ကလေးမီးဖွားမည့် မိခင်၏ အသက်နှင့် ကလေးစတင် သန္ဓေတည်သောကာလကို သိပါက မွေးဖွားမည့်ကလေးသည် သားလေးလား သမီးလေးလားဟု အတတ်ပြောနိုင်သောနည်းတစ်ခု ဖြစ်ပါသည်။ လက်တွေ့အသုံးချ ဟောပြောရာတွင် ၉၀% မှ အထက် မှန်ကန်ကြောင်း တွေ့ရှိရပါသည်။

အခြားသော ၁၀% သည် မိခင်၏ အသက်မသိခြင်း၊ သန္ဓေတည်သောလကို မှတ်သားမှုမရှိခြင်းကြောင့် အမှားအယွင်းရှိခြင်း သာဖြစ်၏။ နည်းစနစ်ကြောင့်မဟုတ်၊ မည်သူမဆို စမ်းသပ်လေ့လာနိုင်ရန် ဇယားကွက်ပါ ထည့်သွင်း၍ တင်ပြပါသည်။

***ဇယားတွင် အလျားလိုက်အကွက်၌ မိခင်၏ အသက်ကို ဖော်ပြထားသည်။ ကိုယ်ဝန်စတင်သယ်ဆောင်စဉ် မိခင်၏ ရောက်ရှိနေသော အသက်ကို ယူရမည်။***

**မိခင်အသက်**

*ဤစနစ်တွင် မိခင်တစ်ဦး၏ အသက်သည် ၂၄ နှစ်ပြည့်ပြီး (၆)လမကျော်မီအထိ (၂၄)နှစ်ဟုသာ ယူသည်။ အသက် (၂၄)နှစ် (၆)လကျော်က (၂၅)နှစ်ဟု ယူရမည်ဖြစ်သည်။*

ဇယား၏ ဒေါင်လိုက်အကွက်များတွင် ဖော်ပြထားသည့် လများသည် တစ်နှစ်တာ ကာလအတောအတွင်း မိခင်မှ စတင်၍ သန္ဓေတည်သော လများအား ဖော်ပြထားသည်။

> သန္ဓေတည်သောလ
>
> ဤနည်းစနစ်တွင် သန္ဓေတည်သောလကို တွက်ရာတွင် မိခင်၏ နောက်ဆုံးဓမ္မတာလာသောလကို မယူဘဲ လုံးဝ မလာသည့်လကို ယူရပါသည်။ မိခင်ဖြစ်သူသည် မတ်လတွင် နောက်ဆုံးဓမ္မတာလာပြီး ဧပြီလတွင် လုံးဝမလာက သန္ဓေတည်သောလကို ဧပြီလဟု သတ်မှတ်သည်။

## သန္ဓေ သည် ယောကျ်ားလေး --မိန်းသ

| | 19 | 20 | 21 | 22 | 23 | 24 | 25 | 26 | 27 | 28 | 29 | 30 | 31 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီလ | B | G | G | B | G | B | B | G | B | G | B | G | B |
| ဖေဖော်ဝါရီလ | G | G | B | G | B | B | G | B | G | B | G | B | G |
| မတ်လ | G | B | G | G | B | G | B | B | B | G | B | G | G |
| ဧပြီလ | B | G | B | G | G | B | B | G | G | B | G | G | G |
| မေလ | B | G | B | G | B | B | G | G | G | G | G | B | G |
| ဇွန်လ | B | B | B | G | G | G | B | B | B | G | G | B | G |
| ဇူလိုင်လ | B | B | B | G | G | B | B | G | G | B | B | B | G |
| ဩဂုတ်လ | B | B | B | G | G | G | G | B | B | B | B | G | G |
| စက်တင်ဘာလ | B | B | B | G | G | B | G | B | G | B | B | B | G |
| အောက်တိုဘာလ | B | B | G | G | G | B | G | B | G | B | B | G | G |
| နိုဝင်ဘာလ | B | G | B | G | G | B | G | B | G | G | G | G | B |
| ဒီဇင်ဘာလ | B | G | B | G | G | G | G | B | G | B | G | G | B |

→ မိခင်၏အသက် B -

↓ သန္ဓေတည်သောလ G -

းဟု ခွဲခြားသိစေသောဇယား

| 33 | 34 | 35 | 36 | 37 | 38 | 39 | 40 | 41 | 42 | 43 | 44 | 45 | 46 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| B | G | B | B | G | B | G | B | G | B | G | B | B | G |
| G | B | G | B | B | G | B | G | B | G | B | G | B | B |
| B | G | B | G | B | B | G | B | G | B | G | B | G | B |
| G | B | G | B | G | B | B | B | B | G | B | G | B | G |
| G | G | G | G | B | G | B | B | G | B | G | B | B | G |
| G | G | G | G | B | G | G | B | G | G | B | G | B | G |
| G | G | G | G | G | G | B | G | B | B | G | B | G | B |
| G | B | G | B | G | B | G | B | G | B | B | G | B | G |
| G | G | G | G | B | G | B | G | B | G | B | B | G | B |
| G | G | G | G | B | B | G | B | G | B | G | B | B | G |
| G | G | B | B | B | B | G | B | G | G | B | B | G | B |
| B | B | B | B | B | B | G | G | G | B | G | B | G | B |

ယောက်ျားလေး

မိန်းခလေး

ဤအချက် (၂)ချက်ကိုသာ စနစ်တကျ တွက်ယူမှန်ကန်ပါက ရာနှုန်းပြည့် မှန်ကန်အောင် ဟောနိုင်ပေပြီ။

ဥပမာပေးအံ့

*အသက် (၂၅)နှစ်ရှိသော မိခင်တစ်ဦးသည် မတ်လ (၃)ရက်နေ့တွင် ဓမ္မတာနောက်ဆုံးလာသည်။ ဧပြီလအတွက် လုံးဝ ဓမ္မတာမလာက သန္ဓေတည်သောလသည် ဧပြီလတွင် ဖြစ်သည်။ ဇယားအလျား လိုက်အကွက်မှ (၂၅)နှင့် ဒေါင်လိုက်အကွက်မှ ဧပြီလ အလျားနှင့် ဒေါင်လိုက်ဆုံရာအကွက်တွင် B ဟုရေးထား သည်။ ဆိုလိုသည်မှာ B သင်္ကေတသည် သားယောကျ်ားလေး သင်္ကေတဖြစ်သည်။ ထို့ကြောင့် မွေးဖွားလာသော ကလေးသည် သားယောကျ်ားလေးဖြစ်မည်ဟု သေချာပေါက်ပြောနိုင်သည်။*

ဤနည်းဖြင့် မိခင်လောင်းအားလုံး၏ မွေးဖွားလာမည့် သန္ဓေ အမျိုးအစားသည် (ကျား/မ) ဖြစ်သည်ကို ခွဲခြားနိုင်သည်။

အချို့သည် သားဖြစ်စေ၊ သမီးကိုဖြစ်စေ ရွေးချယ်၍ တစုံတရာ ကို လိုလားသည်ဖြစ်အံ့။

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် သမီးချည်းပဲ (၂)ဦးဆက်တိုက် မွေးဖွားရာ နောက်ထပ်မွေးက သားယောကျ်ားလေးအား ၎င်းတို့ ဇနီးမောင်နှံမှ လိုလားကြောင်း ပြောလာသည်။ ၎င်း၏ ဇနီးသည် အသက် (၃၅)နှစ်ရှိပြီဖြစ်ရာ ကျွန်ုပ်က ဇယားအကွက်အား ပြသ၍ နိုဝင်ဘာ၊ ဒီဇင်ဘာလ၊ ဤနှစ်လတွင် လက်ခံ၍ သန္ဓေယူက သား ယောကျ်ားလေးဖြစ်မည်ဟု ပြောခဲ့ပါသည်။ ကာလအတန်ကြာသောအခါ သူ၏ တတိယမြောက် မွေးဖွားလာသော သားငယ်အား အမည်ပေးခြင်း ကျွန်ုပ်ဆောင်ရွက်ခဲ့ရပါသည်။ ဤနည်းအတိုင်း သားလိုသူ သမီးလိုသူ

များအားလက်တွေ့ အကြံပေးနိုင်ခဲ့ပါသည်။ ဖယားကွက်အား အသုံးချ၍ မိသားစု စီမံကိန်းများ လိုလားသည့် သားသမီးအမျိုးအစားများအား ရရှိစေရန်အလို့ငှာ ရေးသားတင်ပြအပ်ပါသည်။

တစ်ပါတည်း ချက်မြှုပ်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ မြန်မာ့ရိုးရာအယူအဆအား တင်ပြလိုပါသည်။ မွေးဖွားလာသောကလေး များသည် ချက်ကြိုးဖြတ်ပြီးနောက် ရက်သားအတွင်း၌ ဝမ်းဗိုက်၌ ချက်အလိတ်ကလေးလိုက် တည်ရှိနေမည်။ ၎င်းချက်ကလေး ပြုတ်သွား သောအခါတွင် အချို့သည် သိမ်းဆည်းထားကြသည်။ ဟိုနေရာထား၊ ဒီနေရာထားပြုကြသည်။ ဤသို့ မပြုပါနှင့် ချက်ဆိုသည်မှာ မြေတွင် မြှုပ်ရ၏။

**တနင်္ဂနွေသားသမီးများအတွက် အရှေ့မြောက်အရပ်တွင် ချက်မြှုပ်ရ၏။**

**တနင်္လာသားသမီးများအတွက် အနောက်အရပ်တွင် ချက်မြှုပ်ရ၏။**

**အင်္ဂါသားသမီးများ၏ချက်ကို တောင်အရပ်တွင် မြှုပ်ရ၏။**

**ဗုဒ္ဓဟူးသားသမီးများ၏ ချက်ကို အရှေ့တောင်အရပ်တွင် မြှုပ်ရ၏။**

**ကြာသပတေးသားသမီးများ၏ ချက်ကို အရှေ့အရပ်တွင် မြှုပ်ရ၏။**

**သောကြာသားသမီးများ၏ ချက်ကို မြောက်အရပ်တွင် မြှုပ်ရ၏။**

**စနေသားသမီးများ၏ ချက်ကို အနောက်အရပ်မှာ မြှုပ်ပါ။**

ရှေးစာဆိုအလိုအရ ဤသို့ စနစ်တကျ မြှုပ်ပါက ကလေး သည်...

၁။ အသက်ရှည်ခြင်း၊

၂။ ကျန်းမာခြင်း၊

၃။ ကျက်သရေမင်္ဂလာရှိခြင်း၊

၄။ ဘေးဥပါဒ်အန္တရာယ်ကင်းစေခြင်း၊

၅။ ကိုယ်လက်အင်္ဂါချို့ယွင်းမှု မရှိခြင်း၊

၆။ ဥပဒ္ဒဝေအကာကင်းခြင်း အစရှိသည့် ချက်မြှုပ်ခြင်းကြောင့် ရရှိသည့် အကျိုး(၆)ပါး ရရှိပေအံ့။

လိုလားရာ ကလေးအား ရရှိပြီး။ ရရှိသော ကလေးများ ဘုန်းကြီးသက်ရှည်ပါစေ။

❀ ❀ ❀

# ကတိစကား



*သူ့စကားတည်ရဲ့လား……*

*ဒီကတိကို ယုံရမလား……*

*ဒီနေ့ ချုပ်တဲ့ ကတိစာချုပ်အနေအထား……*

*သူ့ချစ်စကား အတည်ယူရမလား……*

*ယုံရမှာလား မောင့်ပြောစကားတွေ…*

စသည်ဖြင့် လူတို့၏ဝန်းကျင်လောကတွင် တစ်ဦးနှင့် တစ်ဦး ပေးကြသော ကတိစကားများ ပြောဆိုသောစကားများ ထိန်းသိမ်းနိုင်ခြင်း ရှိမရှိကို ချင့်ချိန်သိရှိရန် ဗေဒင်နည်းပညာတစ်ခု ရှိပါသည်။

"ကျွန်မသား၊ စကားမတည်"

"ဦးစံရာထား၊ အမှန်စကား"

ထို ဆိုရိုးစကားကို မြန်မာလူမျိုးအတော်များများ မိဘ ဘိုးဘွား မှတစ်ဆင့်ကြားသိဖူးကြ၏။ ရှေးရိုးအစဉ်အလာမှာတမ်းကို စကားအဖြစ်

သိလင့်ကစား၊ အသေးစိတ်အနှစ်သာရကို ထပ်မံသိစေရန် တင်ပြအပ်ပါသည်။

''ကျွန်မသား၊ + စကားမတည်''

အချို့ကလည်း ''ကာမသား စကားမမှန်'' တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်လင့်ကစား အကြောင်းအရာတစ်ခု ထပ်တူ ထပ်မျှ ဖြစ်ပါသည်။

ကျွန် - တနင်္လာနံ (တနင်္လာနေ့ကို ကိုယ်စားပြုသည်)

မ - ကြာသပတေးနံ (ကြာသပတေးနေ့ကို ကိုယ်စားပြုသည်။)

သား - သောကြာနံ (သောကြာနေ့ကို ကိုယ်စားပြုသည်)

ဆိုလိုသည်မှာ တနင်္လာနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့များတွင် လူတစ်ဦးတစ်ယောက်ပေးသော ကတိစကားသည် တည်တံ့ခြင်းမရှိ။ အကြောင်းတစ်စုံတစ်ရာကြောင့် စကားပြင်ရခြင်း ကတိပျက်ရခြင်း ကြုံမည်။ ပျို့ရွယ်သူများအဖို့ ထိုနေ့တွင် တိုက်တိုက်ဆိုင်ဆိုင်လာရောက်ချစ်စကားဆို၊ ချစ်ခွင့်ပန်က တစ်ဖက်သူ၏အချစ်သည် တည်တံ့မှုမရှိနိုင်။ ပေးလာသောကတိစကားများ ယုံစားရန်မသင့်။ လုပ်ငန်းခွင်မှ သူများအဖို့ ၎င်းနေ့တွင် ပေးထားသော နှုတ်ကတိစကားယုံစား၍ လုပ်ငန်းစီးပွားများလုပ်က တစ်ဖက်လူက ကတိဖျက်၍ ကြုံတတ်သော ပြဿနာပေါင်းမြောက်မြားစွာကြုံတတ်၏။ ထိုနေ့တွင် ကတိစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးကလည်း ၎င်းကတိစာချုပ်သည် အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်မည်။ ထိုနေ့များတွင် ကတိစကားအလွယ်တကူ မပေးသင့်။ အသေးစိတ်ထပ်ဆင့် လေ့လာသောအခါ တနင်္လာနေ့တွင် လူများကတိပျက်ရခြင်းသည် စိတ်ခံစားမှု (စိတ်တို၊

စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်မပါ)မှုကြောင့်လည်းကောင်း ငွေကြေးကိစ္စ တစ်စုံတစ်ရာ အပြောင်းအလဲလုပ်လိုသောကြောင့်လည်းကောင်း၊ ကြားလူ ဖျက်၍လည်းကောင်း ကတိပျက်ရမည်။

ကြာသပတေးနေ့ပေးသော ကတိပျက်ရခြင်းသည် စိတ်ပြောင်း သွားခြင်းကြောင့်လည်းကောင်း၊ စိတ်အကြံသစ်ဖြစ်ပေါ်၍လည်းကောင်း၊ ဆရာသမား၊ မိဘများ ဝေဖန်နားချမှုကြောင့်လည်းကောင်း၊ တစ်ပါးသူ စကားနားယောင်၍လည်းကောင်း စိတ်ပြောင်းကာ ကတိပျက်ခြင်းရှိမည်။

သောကြာနေ့ပေးသော ကတိစကားပျက်ရခြင်းသည် ဆွေမျိုး သားချင်း၊ ချစ်သူများ၏ အဖျက်စကားဝင်၍လည်းကောင်း၊ ကတိပေးပြီး ကာမှ ပိုသာသော အနေအထားအားတွေ့၍ သာသည့်ဘက်သို့ ယိုင်ကာ ကတိပျက်မည်။ အသစ်အသစ်သော အကြောင်းအရာများကြောင့် စိတ်ညစ်ကာ စကားဟောင်းများ မေ့ပစ်ခြင်း၊ ကတိပျက်ခြင်းများ ဖြစ်တတ်သည်။

## "ဦးစံရာထား၊ အမှန်စကား"

ဤစကားအား အနက်ဖွင့်ရသော်

ဦး – တနင်္ဂနွေနံ (တနင်္ဂနွေနေ့အား ကိုယ်စားပြု သည်)

စံ – အင်္ဂါနံ (အင်္ဂါနေ့အား ကိုယ်စားပြုသည်။)

ရာ – ဗုဒ္ဓဟူးနံ (ဗုဒ္ဓဟူးနေ့ တစ်နေ့လုံးအား ကိုယ်စား ပြုသည်)

ထား – စနေနံ (စနေနေ့အား ကိုယ်စားပြုသည်)

၎င်းနေ့ (၄)ခုတွင် ပြောသောစကားများ အမှန်ယူရမည်။ ပေးထားသော ကတိစကားများ တည်တံ့မည်။ ၎င်းနေ့တွင် လူသား

များ တစ်ဦးနှင့်တစ်ဦး အလေးအနက်ထားမည်။ စကားများ တည်တံ့စွာ ထားမည်။ မည်သို့သော အကြောင်းအရာ စကားအဖျက်များ ဝင်ပါစေ ကတိပျက်နိုင်လောက်သော အကြောင်းအရာစကား အဖျက်များဝင်စေ ကတိပျက်နိုင်လောက်သော အခြေအနေများပေါ်စေ ကတိအားမဖျက်၊ အရောင်းအဝယ် စီးပွားရေးလောကမှသူများ ငင်းနေ့ရက်များတွင် အရေးကြီးသော လုပ်ငန်းကိစ္စများ အပြန်အလှန်ပြောဆိုခြင်းကောင်း၏ အရောင်းအဝယ်စာချုပ်များချုပ်ဆိုက ခိုင်ခံ့တည်မြဲမည်။ ပျို့ရွယ်သူများ အဖို့ ထိုနေ့တွင် ပြောဆိုသော ချစ်စကားများတည်မည်။ ၁၅၀၀ တံဆိပ်မေတ္တာအစစ်အမှန်ဖြစ်မည်။ အိမ်ထောင်ရှင်များအဖို့ မိမိပူဆာလိုသော အကြောင်းအရာများ မိမိအိမ်ထောင်ဖက်ထံပြော၍ ကတိစကား ရယူနိုင်သည်။

ဥပမာ။ *ဆေးလိပ်မသောက်တော့ဘူး၊ အရက်မသောက်တော့ဘူး''ဟု ကတိပေး...''*

*''ဟိုကောင်မလေးနှင့် အရောတဝင် မနေရဘူးဟု ကတိပေး နော်''*

*''ဒီကိစ္စကြီး အောင်မြင်ရင် စိန်နားကပ်ဝယ်ပေးမယ်လို့ ပေးထားတဲ့ ကတိဖျက်နဲ့နော်'' စသည်ဖြင့် ကတိစကားများ တောင်းဆိုနိုင်သည်။*

မိမိကိုယ်တိုင်တွင်လည်း တစ်ပါးသူအား ကတိပေးက ငင်းကတိအတိုင်း မလွဲမသွေ ဆောင်ရွက်တတ်သော သဘောရှိသည်။

ရှေးထုံးအားမဖယ်ဘဲ ဉာဏ်ရှိသလို ဉာဏ်ကစားချဲ့ထွင်၍ လိုရာသုံးပါ။

❁ ❁ ❁

# ငွေလက်လွနိုသွားသလား

ကြောင်နှစ်ကောင်စာအုပ်တိုက်


SORRY...

ငွေရေးကြေးရေးနှင့် ပတ်သက်သော ကိစ္စရပ်များသည် လူသားတို့လောကတွင် အမြဲရင်ဆိုင်ရသော ပြဿနာတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ငွေချေးငှားမှုနှင့် ပတ်သက်သော ပြဿနာသည် နေ့စဉ်လူအတော်များများ ကြုံတွေ့နေရသည်။ မိတ်ပျက်၊ ရန်ဖြစ်၊ အငြိုးတကြီး၊ ဒေါသတကြီးဖြင့် ရာဇဝတ်အန္တရာယ်အထိပင် ငွေချေးမှုမှ ဖြစ်ပေါ်နိုင်ပေသည်။ ငွေကြေးအနည်းငယ်ရှိလာပါက ငွေချေးသူ ပေါ်လာတတ်သည်။ ပြန်ရသူများလည်းရှိသည်။ ပြန်မရ၍ ဆုံးရှုံးသူများလည်း ရှိသည်။ အကြွေးဟူသော ကိစ္စသည်ကား လူအများတစ်နေ့မဟုတ် တစ်နေ့ရင်ဆိုင်ရမည့် အကြောင်းအရာများ ဖြစ်ပါသည်။

ဤကိစ္စသည် ရှေးယခင်ကပင် မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့ခြင်းများသည် ယနေ့တိုင်ရှိဆဲဖြစ်သည်။ ရှေးဂမ္ဘီရပညာရှင်ကြီးများက ဤသို့သော ငွေချေးအကြွေးပြဿနာများ ပပျောက်စေရန်အလို့ငှာ…

"ငါ့သားထွေး ငွေမချေးနဲ့"
"ဥစ္စာဝင်ပွား ငွေချေးငှား"

နောင်လာနောက်သားများ မှတ်သားရန် ဤသို့သော စကားထား၍ မှာတမ်းပြုခဲ့ပါသည်။ ဤရှေးဟောင်းစကားရပ်အား အနက်ဖွင့်ရာတွင်…

**"ငါ့သားထွေး ငွေမချေးနဲ့"**

အလွန်ရှင်းလင်းသော စကားဖြစ်သည်။

**ငါ့ – တနင်္လာနံ (တနင်္လာနေ့ကို ကိုယ်စားပြုသည်)**
**သား – သောကြာနံ (သောကြာနေ့ကို ကိုယ်စားပြုသည်)**
**ထွေး – စနေနံ (စနေနေ့အား ကိုယ်စားပြုသည်)**

တနင်္လာနေ့၊ သောကြာနေ့၊ စနေနေ့များတွင် ငွေလက်လွှတ်တတ်သောကြောင့် ငွေချေးငှားခြင်း မပြုသင့်။ ဆွေမျိုးအား ချေးမိက ဆွေမျိုးပြတ်မည်။ တစ်ကြိမ်တစ်ခါမှ နာမည်ပျက်မရှိဖူးပါ။ အင်မတန်ကတိတည်ပါတယ်၊ စီးပွားရေး နောက်ခံတောင့်တင်းသည်၊ ခေတ္တယာယီ ငွေမလည်၍ ချေးသည်ဟု ဆိုသောသူများပင် ချေးက အရင်းပြန်ရလျှင် ကံကောင်းပ မိမိနှင့်ကျမှ ထိုသူ စကားပျက် ကတိပျက်မည်၊ ငွေမရကိန်းဖြစ်မည်။ မတတ်သာ၊ မရှောင်သာ၍ ချေးမိက ဆုံးပြီဟုသာမှတ်ပေရော့။ ငွေကြေးပြဿနာဖြင့် ရုံးဂါတ်ရောက် ဖြေရှင်းရသည့် အဆင့်ဖြင့်

အဆုံးသတ်ရမည်။ ငွေချေးငှားခြင်း မလုပ်ကောင်းသောရက်များ ဖြစ်သည်။

"ဥစ္စာဝင်ပွား ငွေချေးငါး"

*ဤရှေးဆိုရိုးစကားအား အနက်ဖွင့်သော်*

ဥ – တနင်္ဂနွေနံ (တနင်္ဂနွေနေ့အား ကိုယ်စားပြုသည်)

စာ – အင်္ဂါနံ (အင်္ဂါနေ့အား ကိုယ်စားပြုသည်။)


ဝင် – ဗုဒ္ဓဟူးနံ (ဗုဒ္ဓဟူးနေ့ တစ်နေ့လုံးအား ကိုယ်စားပြုသည်)

ပွား – ကြာသပတေးနံ (ကြာသပတေးနေ့ကို ကိုယ်စားပြုသည်။)

ဆိုလိုသည်မှာ တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့များတွင် တစ်ပါးသူအား ငွေချပေး၍ ရသည်။ ၎င်းကဲ့သို့ နေ့ကောင်းရွေးပြီး ငွေချေးက ဆုံးရန် အနေအထားမရှိသလောက်နည်းပါးသည်။

ငွေမချေးသည်မှာ အကောင်းဆုံးဖြစ်သည်။ မတတ်သာ မရှောင်သာ၍ ငွေချေးငှားခြင်းပြုရန် ပေါ်လာကလည်း ၎င်းနေ့ (၄)ရက်တွင်သာချေးရန် ရှေးပညာရှိကြီးများက ဖွင့်ဆိုထားခဲ့ပါသည်။ ကျွန်ုပ်တို့ လက်တွေ့အသုံးချ ဟောပြောသောအခါတွင်လည်း ၎င်းကဲ့သို့ စီစဉ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ထပ်လောင်းတွေ့ရှိရပါသည်။

တဖန် ဆက်လက်တင်ပြလိုသည်မှာ အကြွေးရအောင်တောင်းနည်းဖြစ်ပါသည်။ ကြွေးဆုံးရန် ဒုက္ခရောက်နေသူများ ငွေလက်လွှန်၍ စိတ်သောကရောက်နေသူများ ကျွန်ုပ်မြောက်မြားစွာ တွေ့မိပါသည်။


ကြက်သွန်နီဥ
ဖန်ခွက်
ချင်းတက်
ချင်းတက်

ငွေလာချေးသောသူများသည် ယူလျှင် မျက်နှာတစ်မျိုး ပြန်တောင်းသော အခါ မျက်နှာကတစ်ဖုံ လိုအပ်လာလျှင် ရှောင်ပြေးခြင်း အတွေ့မခံ ခြေရာဖျောက်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်းများဖြင့် တုံ့ပြန်သော မရှိသားသူ အများအပြားရှိသည်။ (တိုင်ချင်ရာတိုင် ဂရုမစိုက်ဘူး)ဟူသော စကားများ ပြောတတ်ကြသည်။ ကိုယ့်ငွေနှင့်ကိုယ်၊ ကိုယ့်ပစ္စည်းနှင့်ကိုယ် သောက ရောက်သူမရှား၊ အောက်ပါနည်းအားသုံး၍ လက်ခက်သူများထံမှ ငွေပြန် တောင်းကြည့်ပါ။ လက်တွေ့ အသုံးချပြီး အဆင်ပြေခြင်း မြောက်မြား စွာအား ရရှိမည်ဖြစ်ပါသည်။ ကြွေးတောင်းနည်း အစီအရင်မြောက်မြား စွာအနက် လူမျိုးမရွေး၊ ဘာသာမရွေး ဆောင်ရွက်နိုင်သော အစီအရင် အား ရွေးချယ်တင်ပြအပ်ပါသည်။

ဆောင်ရွက်ရန်မှာ *ချင်းတက်တစ်ခုပေါ်တွင် မိမိအား ငွေပြန် မပေးသောသူ၏ အမည်အား သံချွန်ဖြင့် ရေးပါ။ (ဦး၊ ဒေါ်၊ ကို၊ မောင်၊ မ) မပါစေရ။ နာမည်အတိုင်းသာ တဲ့ရေးရမည်။ ၎င်းချင်းအတက်အား ဖန်ခွက်ငယ်တစ်ခုတွင် ထည့်ရမည်။ ၎င်း ဖန်ခွက်အပေါ်တွင် ကြက်သွန်နီဥကြီးတစ်ဥတင်၍ ပိတ်ပါ။ ၎င်းကြက်သွန်နီဥအပေါ်ပိုင်းအား သံချွန်ဖြင့် အပေါက် (၂)ပေါက် ဖောက်ထားပါ။ ၎င်းအပေါက် (၂)ပေါက်ပေါ်တွင် အမွှေးတိုင် နှစ်တိုင်ထည့်၍ ထွန်းပါ။*

*မိမိမွေးရက်မှစ၍ နေ့စဉ် နံနက် (၆)နာရီခွဲမှ (၇)နာရီခွဲ အတွင်း ထွန်းပေးပါ။ (၉)ရက်အတွင်းသောကကင်း၍ ကြွေးတောင်း အဆင်ပြေနိုင်မည်။*

*ကြွေးတောင်း – ချင်းတက်*


*ကြိုက်သွန်/သံချွန် – သောက*

ကြွေးဟောင်းကိစ္စသောကများ ကင်းဝေးစေရန် အစီအရင် ဖြစ်ပါသည်။

*တဖန် ထူးခြားသော ကြွေးတောင်းနည်း အစီအရင်တစ်ခု အား တင်ပြလိုပါသည်။ ၎င်းနည်းကား တနင်္လာနေ့နံနက် (၉)နာရီ (၄၅)မိနစ်တွင် စက္ကူဖြူ တစ်ရွက်ပေါ်တွင် ငွေချေးသွားသောသူ၏ အမည်အားရေး၍ ၎င်းစက္ကူပေါ်တွင် ကက်ဆက်တင်၍ ကက်ဆက် စပီကာပေါ်တွင် ဇီးကွက်တင်ကာ ၎င်းရှေ့တွင် ကန်စွန်းရွက် (၉)ညွှန့်ချထား၍ ကက်ဆက်ဖွင့်ပါ။ ၎င်းနောက် ကန်စွန်းရွက် (၉)ညွှန့်အား ကြာဖံဖြင့် ကြော်စားကာ ကက်ဆက်အောက်မှ စာရွက်ကိုဆောင်၍ ကြွေးတောင်းက အဆင်ပြေ သည်ဟုလည်း ဆိုပြန်သည်။*

ဤနည်းကား ဗေဒင်ပညာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက် သော ကျွန်ုပ်၏ ဆရာလည်းဖြစ် မိတ်ဆွေကဲ့သို့ ကျင့်ကြံနေထိုင်သော ကျွန်ုပ်အား ပညာအမြင်ပေးလေ့ရှိသော ဆရာရှင်၏ အစီအရင် အစီအမံနည်းစနစ်ဖြစ်ပါသည်။

❁ ❁ ❁



# နိုင်ငံခြားခရီး


အ...အ...

နိုင်ငံခြားသွားရန် အခွင့်အရေးပေါ်ပြီးမှ အခက်အခဲကြုံပြီး မသေမချာ မရေမရာ ဖြစ်နေသူများ၊ နိုင်ငံကူးလက်မှတ်ကိုင်ပြီးမှ ပြည်ဝင်ခွင့်မရသူများ နိုင်ငံခြားသို့ရောက်လျှင်ရောက်ခြင်း လူဝင်မှုကြီးကြပ်ရေးမှ ပြန်လွှတ်ခံရသူများ၊ နိုင်ငံခြားရောက် အလုပ်ရှာပြီး အဆင်မပြေသူများ၊ လုပ်ငန်းအခက်တွေ့၍ နေခွင့်မရခြင်း သတ်မှတ်ရက် ကျော်လွန်နေ၍ ရင်တထိတ်ထိတ်ဖြစ်နေရသူများ။

နိုင်ငံခြားခရီးနှင့် အခက်အခဲများသည် ဒွန်တွဲလျက်ရှိပေသည်။ အခက်အခဲများကင်းစင်၍ တိုင်းတစ်ပါးတွင် အဆင်ပြေချောမွေ့စွာဖြင့် မိမိလိုရာ၊ ဆန္ဒရှိရာများ၊ ရည်ရွယ်ချက် ရည်မှန်းချက်များ အောင်မြင်ပါက ကောင်းလေစွဟု တွေးတောမိကာ ကျွန်ုပ်၏ မှတ်စုများအနက်မှ လက်တွေ့အသုံးချစမ်းသပ်ပြီးနောက် ထိထိရောက်ရောက်နှင့် လူမျိုးမရွေး ဘာသာမရွေးလွယ်ကူစွာ အစီအမံများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ တင်ပြအပ်ပါသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

ကျွန်ုပ်၏ သဘောအရမူ နိုင်ငံခြားတိုင်းပြည်တစ်ခုသို့ သွားရောက်မည်ဆိုပါက ၎င်းနိုင်ငံနှင့် မိမိအကျိုးပေး/မပေး အရင်ဦးစွာ တွက်စစ်သင့်ပါသည်။

တွက်စစ်နည်းကား...

***မြန်မာမွေးသက္ကရာဇ်၊ မွေးနေ့၏ ဂြိုလ်သက်၊ သွားရောက်မည့် နိုင်ငံ၏ နံသက်တို့ကို ပေါင်းပါ။***

***ရရှိလာသော ကိန်းဂဏန်းကို (၄)ဂဏန်းနှင့် စားပါ။***

**အကြွင်း (၁)ဖြစ်ပါက**

အထူးကောင်းသည်။ လုပ်ငန်းအဆင်ပြေမည်။ ရေရှည်နေ၍ ရပါသည်။ ရည်မှန်းထားသည်များ ပြည့်စုံအဆင်ပြေမည်။ အခက်အခဲများ မည်မျှရှိစေ အားလုံးအား ကျော်လွှား၍ လိုရာပြည့်စုံမည်။ မေတ္တာရေး၊ အိမ်ထောင်ရေး အနှောင့်အယှက်များကို ရှောင်ရှားပါက ပို၍အဆင်ပြေမည်။ ရောက်ရှိပြီး မိမိအဆင်ပြေသွားရုံသာမက သူတစ်ပါးအတွက်ပါ ပြည့်ပခေါ်ယူနိုင်ပေ၏။

**အကြွင်း (၂) ဖြစ်ပါက**

ကောင်းသော မိတ်ဆွေများတွေ့မည်။ ငွေရေးကြေးရေး အထူးအဆင်ပြေမည်။ နှစ်ကြိမ်ထက်မနည်း ဆက်ဆံရသော လုပ်ငန်းဝန်းကျင်အပြောင်းအလဲရှိမည်။ ရောက်စ အခက်အခဲရှိပြီး တစစအဆင်ပြေမည်။ နာမည်အောင်မြင်မည်။ ကျန်းမာရေးအနည်းငယ် ချူချာမည်။ ပြီးမှ အဆင်ပြေမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။

အကြွင်း (၃)ဖြစ်ပါက

ငှင်းအရပ်ဒေသတွင် ရေရှည်နေထိုင်ရန် အခွင့်ကောင်းများ ရရှိမည်။ ရောက်ခါစတွင် စိတ်ညစ်ပြီး အိမ်ပြန်ချင်စိတ်၊ နောက်ပြန်လှည့်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်မည်။ ထို့နောက်မှ တစစ အဆင်ပြေမည်။ တဖန် လူရင်းလူယုံဒုက္ခပေး၊ ငွေလိမ်ခံ၊ ငွေချေး၍ ဆုံးမည်။ အစမှ ပြန်၍ စုပေါင်းအဆင်ပြေမည်။ ရည်ရွယ်ချက် အောင်မြင်မည်။ အတတ်ပညာ တိုးတက်မည်။ ထူးခြားသော မိတ်ကောင်းဆွေကောင်းများရရှိမည်။

အကြွင်း (၀)ဖြစ်ပါက

လုံးဝအကျိုးမပေးပါ။ စသည်ဆိုရုံနှင့်ပင် အခက်အခဲရှိမည်။ လုံးဝသွားရန်မသင့်။ နေရန်မသင့်ပါ။ ငွေကုန်များမည်။ ငွေမစုမိ လူကောင်းသူကောင်း မတွေ့။ စိတ်သောကရောက်မည်။ တဖြည်းဖြည်းနှင့် ဒုက္ခရောက် ကြပ်တည်းလာမည်။ စီးပွားပျက်၊ လုပ်ငန်းအဆင်မပြေ အခြေအနေပေးသည်များ မေး၍ ရှန်းကန်လုပ်ကိုင်ရင်း၊ နောက်ဆုံး အရှုံးနှင့် ပြဿနာနှင့် ပြန်ရတတ်၏။ မသွားသင့်ပါ။

တွက်နည်းအား အသေးစိတ် ဥပမာပြဆိုပါမည်။

*သက္ကရာဇ် ၁၃၃၆ ခုနှစ်တွင်မွေးသော ကြာသပတေးသား တစ်ဦး ဂျပန်နိုင်ငံသို့ သွားမည်။ ၎င်းအရပ် အကျိုးပေး၊ မပေး တွက်ချက်မည်။*

မွေးသက္ကရာဇ် = ၁၃၃၆

ကြာသပတေးဂြိုလ်သက် = ၁၉

သွားမည့်နိုင်ငံ = ဂျပန်

ဂျ = တနင်္လာနံ - နံသက် ၁၅

ပန် = ကြာသပတေးနံ - ဂြိုလ်သက် ၁၉

ဂျပန်နိုင်ငံ၏ ဂြိုလ်သက် = ၁၅ + ၁၉ = ၃၄

မွေးသက္ကရာဇ် + မွေးနံဂြိုလ်သက် + နိုင်ငံဂြိုလ်သက်

= ၁၃၃၆ + ၁၉ + ၃၄

= ၁၃၈၉

၎င်း ၁၃၈၉ ကို (၄)နှင့်စားက

(၁)ကြွင်းဖြစ်သည်။

သွားရောက်ရန် အထူးကောင်းသည်။ အကြွင်း (၁)၏ ဟောကိန်းအတိုင်း အကျိုးသက်ရောက်မှု ရှိမည်။

နိုင်ငံများ၏ဂြိုလ်သက်များကို ဥပမာပေး၍ နိုင်ငံ (၃၀)အား တွက် ပေးထားပါသည်။ ဇယားတွင်ကြည့်ပါ။

သွားရောက်မည့် နိုင်ငံသည် အကျိုးပေးခြင်းမရှိပါက မသွား ရောက်ပါနှင့် အကျိုးရှိသော်သွားပါ။

*ပြည်ပထွက်ရန် စီစဉ်ရာတွင် ယှဉ်ပြိုင်မှု အခက်အခဲများ ဗီဇာအခက်အခဲများ ငွေကြေးအခက်အခဲများ လေယာဉ်လက်မှတ် အခက်အခဲများ ပြေပျောက်စေရန်အလို့ငှာ အောက်ပါအတိုင်း အစီအရင်ပြုရန် သင့်လှပါသည်။*


လုပ်ကိုင်ရန်မှာ–

ပြည်တောင်းတစ်ခုအပေါ်တွင် သွားရောက်မည့် တိုင်းပြည် ၏ နံပေါင်းသော ရလာဒ်ဂဏန်းနှင့် နံဂြိုလ်သက်ပေါင်း၍ရသော ရလာဒ်ကိန်းဂဏန်းတို့ကို မြန်မာဂဏန်းနှင့်ရေးပါ။ ဆေးအနီကို သုံး၍ရေးသားပါ။

*ဥပမာ။ စင်္ကာပူနိုင်ငံသို့ သွားမည်ဆိုပါက…*

*စင်္ကာပူ*

စ = အင်္ဂါနံ = ၃
က်ာ = တနင်္လာနံ = ၂
ပူ = ကြာသပတေးနံ = ၅
နံပေါင်းရလာဒ် = ၃ + ၂ + ၅ = ၁၀
နံဂြိုလ်သက် စ = အင်္ဂါနံဂြိုဟ်သက် ၈
က်ာ = တနင်္လာနံဂြိုဟ်သက် ၁၅
ပူ = ကြာသပတေးနံဂြိုဟ်သက် ၁၉
နံဂြိုလ်သက်ပေါင်း = ၈ + ၁၅ + ၁၉ = ၄၂
ပြည်တောင်းပေါ်တွင် ၁၀၄၂ ဟု ရေးပါ။





ငင်းနောက် ပြည်တောင်းထဲ ဆန်အပြည့်ထည့်ပါ။ ထီးအနီး စိုက်ထိုးထားပါ။ မိမိမွေးနေ့၏ နံနက် (၇)နာရီ (၂၀)မိနစ်တွင် ဆောင်ရွက်ပါ။ ၎င်းပြည်တောင်းကို အိမ်တံခါးဝတွင် ထားပါ။ တစ်နေကုန်၊ တ ညကုန်အောင်ထားပြီး နောက်နေ့တွင် ဆန် ပြည်တောင်းလိုက် အမှန်တကယ် စားသုံးမည့်သူကို လှူလိုက်ပါ။

ထီးနီကို အမြင့်တစ်နေရာတွင် စိုက်ထိုးလိုက်ပါ။ ပြည်ပ ထွက်သော ခရီးလမ်းကြောင်း၊ ဗီဇာကိစ္စ၊ ပြည်ဝင်ကိစ္စအလုံးစုံ

အထင်အရှား အဆင်ပြေသွားပါလိမ့်မည်။


ပြည့်ပရောက်သောအခါ လုပ်ငန်းအဆင်ပြေ၍ လာဘ်လာဘ ပွင့်စေရန် လုပ်သရွေ့ အဆင်ပြေစေရန် ပြည်ပရောက် အစီအမံကို ထပ်ဆင့်တင်ပြပါသည်။ လုပ်ငန်းကိစ္စ၊ အကြံအစည်ကိစ္စ အလုံးစုံအောင် မြင်၍ အန္တရာယ်ကင်းလာဘ်ပွင့်စေရန်ဖြစ်၏။

အဆင့် ၁။ (မှိုင်းခံစက္ကူ)ဖြစ်စေ အလားတူသော စက္ကူအပေါ် ခဲတံ နှင့် 'ဝ'လုံးကြီးတစ်လုံးရေး၍ 'ဝ'လုံးကြီးအတွင်း၌ 'ဝ'လုံး အသေး လေးလုံးရေးပါ။



အဆင့် ၂။ ၎င်းနောက် ဖယောင်းတိုင်တွင် ၎င်း 'ဝ'လုံးများ ရေးထားသော စက္ကူကို ပတ်ပါ။ စုစုပေါင်း စက္ကူပတ် ဖယောင်း တိုင် လေးချောင်းပြုလုပ်ရပါမည်။

အဆင့် ၃။ လေးထောင့်ပုံလင်ပန်းတစ်ချပ်၏ ထောင့်လေး ထောင့်တွင် ဖယောင်းတိုင် (၄)တိုင်ထွန်းပါ။




ထိုကဲ့သို့ ထွန်းသောအခါ နေ့အလိုက်ထွန်းရန် အချိန်ကို တင်ပြပါသည်။ နှစ်သက်ရာနေ့တွင် ထွန်းပါ။ အားလပ်သော အချိန်တွင် ထွန်းပါ။

| နေ့ | အချိန် |
|---|---|
| တနင်္ဂနွေနေ့ | နံနက် ၉ း ၄၅ |
| တနင်္လာနေ့ | နံနက် ၈ း ၁၅ |
| အင်္ဂါနေ့ | ည ၉ း ၄၅ |
| ဗုဒ္ဓဟူးနေ့ | ည ၁၁ း ၁၅ |
| ကြာသပတေးနေ့ | နေ့ခင်း ၁၂ း ၄၅ |
| သောကြာနေ့ | နံနက် ၉ း ၄၅ |
| စနေနေ့ | ည ၁၁ း ၄၅ |

ပြည်ပတွင် မိမိအားလပ်ရက်နှင့် ညှိနှိုင်း၍ ၎င်းဒေသနိုင်ငံ၏ စံတော်ချိန်နာရီတွင် ဆောင်ရွက်ပါ။ (၃)ခါ လုပ်ရုံမျှနှင့် ထူးခြားသော အကျိုးထူးကို ရပေမည်။

ပြည်ပသို့သွားမည့်သူများ ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများ အခက်အခဲကင်း၍ လိုရာဆန္ဒပြည့်ကြပါစေ။

နိုင်ငံခြားတိုင်းပြည်တွေရဲ့ နံ၊ နံဂြိုလ်သက်တွေ

ဥပမာအဖြစ်နဲ့ နိုင်ငံ (၁၀)တွက်ပြထားပါတယ်။

နိုင်ငံအမည်အရှည်ကောက်အစား အခေါ်အဝေါ်အရေး အများသုံးအတိုင်းကို အဓိကယူရပါတယ်။

| စဉ် | နိုင်ငံအမည် | နံ | နံဂြိုလ်သက် |
|---|---|---|---|
| ၁။ | ဂျပန် | ၂ + ၅ = ၇ | ၁၅ + ၁၉ = ၃၄ |
| ၂။ | စင်္ကာပူ | ၃ + ၂ + ၅ = ၁၀ | ၈ + ၁၅ + ၁၉ = ၄၂ |
| ၃။ | ထိုင်း | ၇ | ၁၀ |
| ၄။ | မလေးရှား | ၅ + ၄ + ၈ = ၁၇ | ၁၉ + ၁၇ + ၁၂ = ၄၈ |
| ၅။ | အင်ဒိုနီးရှား | ၁ + ၇ + ၇ + ၈ = ၂၃ | ၆ + ၁၀ + ၁၀ + ၁၂ = ၃၈ |
| ၆။ | နယူးဇီလန် | ၇ + ၈ + ၃ + ၄ = ၂၂ | ၁၀ + ၁၂ + ၈ + ၁၇ = ၄၇ |
| ၇။ | အမေရိကား | ၁ + ၅ + ၈ + ၂ = ၁၆ | ၆ + ၁၉ + ၁၂ + ၁၅ = ၅၂ |
| ၈။ | အင်္ဂလန် | ၁ + ၂ + ၄ = ၇ | ၆ + ၁၅ + ၁၇ = ၃၈ |
| ၉။ | ဩစတေးလျား | ၁ + ၃ + ၇ + ၄ = ၁၅ | ၂၁ + ၈ + ၁၀ + ၁၇ = ၅၆ |
| ၁၀။ | ကိုရီးယား | ၂ + ၈ + ၈ = ၁၈ | ၁၅ + ၁၂ + ၁၂ = ၃၉ |
| ၁၁။ | ကမ္ဘောဒီးယား | ၂ + ၅ + ၇ + ၈ = ၂၂ | ၁၅ + ၁၉ + ၁၀ + ၁၂ = ၅၆ |
| ၁၂။ | တရုတ် | ၇ + ၈ = ၁၅ | ၁၀ + ၁၂ = ၂၂ |
| ၁၃။ | ကူဝိတ် | ၂ + ၄ = ၆ | ၁၅ + ၁၇ = ၃၂ |
| ၁၄။ | ဟောင်ကောင် | ၆ + ၂ = ၈ | ၂၁ + ၁၅ = ၃၆ |
| ၁၅။ | ဘရူနိုင်း | ၅ + ၈ + ၁၀ = ၂၃ | ၁၇ + ၁၂ + ၁၀ = ၃၉ |
| ၁၆။ | နေ့ဝေ | ၇ + ၄ = ၁၁ | ၁၀ + ၁၇ = ၂၇ |

| စဉ် | နိုင်ငံအမည် | နံ | နံဂြိုလ်သက် |
|---|---|---|---|
| ၁၇။ | ကနေဒါ | ၂ + ၇ + ၇ = ၁၆ | ၁၅ + ၁၀ + ၁၀ = ၃၅ |
| ၁၈။ | လာအို | ၄ + ၁ = ၅ | ၁၅ + ၆ = ၂၁ |
| ၁၉။ | ဗီယက်နမ် | ၅ + ၈ + ၇ = ၂၀ | ၁၉ + ၁၂ + ၁၀ = ၄၁ |
| ၂၀။ | ဂျမေကာ | ၂ + ၅ + ၂ = ၉ | ၁၅ + ၁၉ + ၁၅ = ၄၉ |
| ၂၁။ | တောင်အာဖရိက | ၇ + ၁ + ၅ + ၈ + ၂ = ၂၃ | ၁၀+ ၆ + ၁၉ + ၁၂ + ၁၅ = ၆၂ |
| ၂၂။ | ဆော်ဒီ | ၃ + ၇ = ၁၀ | ၈ + ၁၀ = ၁၈ |
| ၂၃။ | ပြင်သစ် | ၅ + ၆ = ၁၁ | ၁၅ + ၂၁ = ၃၆ |
| ၂၄။ | ဂျာမဏီ | ၂ + ၅ + ၇ = ၁၄ | ၁၅ + ၁၉ + ၁၀ = ၄၄ |
| ၂၅။ | ဟောင်ကောင် | ၆ + ၂ = ၈ | ၂၁ + ၁၅ = ၃၆ |
| ၂၆။ | အိန္ဒိယ | ၁ + ၇ + ၈ = ၁၆ | ၆ + ၁၀ + ၁၂ = ၂၈ |
| ၂၇။ | ရုရှား (USSR) | ၈ + ၈ = ၁၆ | ၁၂ + ၁၂ = ၂၄ |
| ၂၈။ | အီတလီ | ၁ + ၇ + ၄ = ၁၂ | ၆ + ၁၀ + ၁၇ = ၃၃ |
| ၂၉။ | ဖိလစ်ပိုင် | ၅ + ၄ + ၅ = ၁၄ | ၁၉ + ၁၇ + ၁၉ = ၅၅ |
| ၃၀။ | ထိုင်ဝမ် | ၇ + ၄ = ၁၁ | ၁၀ + ၁၇ = ၂၇ |

**စာလုံးပေါင်းကို အများရေးသကဲ့သို့ ရေးရမည်။**

❁ ❁ ❁

# သဘော်သားကတော်



ကျွန်ုပ်တွင် မပြုံးအမည်ရှိသော သူငယ်ချင်းတစ်ဦးရှိပါသည်။ သူမသည် အဆင်းလှခြင်း၊ ဥပဓိရုပ်ကောင်းခြင်း၊ တင့်တယ်ခြင်း ရှိသည့်အားလျော်စွာ မြောက်မြားစွာသော ကမ်းလှမ်းသူ၊ ချစ်ရေးဆိုသူများအနက်မှ သင်္ဘောသားတစ်ဦးနှင့် အကြောင်းပါကာ သင်္ဘောသားကတော်ဖြစ်သွားသည်။ စီးပွားရေး အတော်အတန်အဆင်ပြေ၍ ခေတ်မီအသုံးအဆောင်များနှင့် တိုက်၊ ကား၊ ခြွေရံသင်းပင်းများနှင့် ပြည့်စုံလှပေသည်။ သမီးအပျိုအရွယ်ကလေးနှင့် အတူသွားက ညီအစ်မအလား ထင်မှတ်လောက်အောင် အတိတ်ကံကောင်းလှပေသည်။

တစ်နေ့သောအခါ

''အိမ်က ကိုကိုလေ ပြန်ရောက်တာ သုံးလရှိပြီ ပြန်မထွက်ချင်သေးလို့တဲ့''...ဟု အိမ်ထောင်ဖက်ဖြစ်သူအကြောင်း လာပြောပါသည်။

''ဘယ့်နှယ့်ဗျာ သုံးနှစ်ဆက်တိုက်ခရီးသွားနေတာ အခု နားတာမှ (၃)လရှိသေးတယ်။ ခင်ဗျားက လွန်ရန်ကော''ဟု ကျွန်ုပ်က အပြစ်တင်ရာ။

''ဘာသိလို့လဲ၊ သင်္ဘောသားကတော်လောကမှာ အိမ်က

လူလေ ရေထဲမှာ သဘော်ပေါ်မှာ ခရီးသွားနေတယ်လေ။ ဒီလိုပြောရမှ ဂုဏ်ရှိတာ''

ကျွန်ုပ်သည် ဘာပြောရမှန်းမသိအောင် ဖြစ်သွားကာ ''သူက ဘာကြောင့် ပြန်မထွက်ချင်သေးတာလဲ''

''ဘာအကြောင်းပြချက်မှ မပေးဘူး တစ်နေ့တစ်နေ့ အိပ်လိုက်၊ ချက်ကျွေးတာစားလိုက်၊ ကလေးတွေနဲ့ ဆော့လိုက် သီချင်းနားထောင်လိုက် ကလေးကျူရှင်ပို့လိုက်၊ ကျောင်းကြိုလိုက်နဲ့ ပျော်လို့ ဒီကသာ စိတ်ညစ်နေရတာသိလား''

ယောက်ျားခရီးမထွက်ခြင်းသည်ပင် သူမအတွက် ဂုဏ်ငယ်စရာ စိတ်ညစ်စရာဟူ၍ ခံယူထားသော မပြုံးသည့် စကားပြောရင်း မျက်ရည်ကြီးငယ် ပေါက်ပေါက်ကျလာသည်ကို တွေ့ရပါ၏။ ကုမ္ပဏီမှ ခေါ်သည်ကိုပင် ငြင်းနေကြောင်းပြော၏။

''သဘော်ပြန်တက်အောင်ဆိုပြီး သဘော်သီးကျွေးလိုက်၊ သဘော်ရွက်လှူလိုက်နဲ့၊ ယတြာချေတာ သဘော်ပင်တစ်ပင်လုံး ပဒ္ဒငါးပါးမကျန်တော့ဘူး''ဟု ရှိုက်ကြီးတငင်ပြောရာ ကျွန်ုပ်မှာ ငိုအားထက်ရယ်အားသန်ရသောကြောင့် ရယ်မောရင်း...

''ကဲ ဒါလောက်တောင် သွားစေချင်ရင် ဒီလိုလုပ်ပါလား''ဟု ပြောကာ အစီအရင်နည်းကိုပေး၍ အမြန်ပြန်လွှတ်ရပါတော့သည်။

**ကျွန်ုပ်ပေးလိုက်သောနည်းသည်ကား...**

**စာကလေးငှက်မှ ကျွတ်ကျလာသော စာကလေးအမွေးကို အိမ်ထောင်ဖက် ခင်ပွန်း၏ အင်္ကျီအိတ်ထဲထည့်ရင်း အသက်အောင့်၍ လိုရာဆန္ဒရှိရာကို ပြောရမည်။**

*ဥပမာ။ "သဘော်ာမြန်မြန်ပြန်တက်ပါတော့"*

*"မြန်မြန်ပြန် အလုပ်လုပ်ပါစေ" စသည်ဖြင့် ပြောရမည်။ (၃)ရက် ဆက်တိုက်လုပ်ပါ။ ခင်ပွန်းမသိစေရ။*

ဤသို့ဖြင့် ရက်ပိုင်းအတွင်း ပြုံးရွှင်သော မျက်နှာဖြင့်…

"အဆင်ပြေသွားပြီ သဘော်ာပြန်တက်တော့မယ်တဲ့"ဟုပြောရာ…

"အစီအရင်စွမ်းလို့လား ခင်ဗျားပူညံ့ပူညံ့လုပ်လို့လား"ဟု ကျွန်ုပ်က မေးလေရာ၊ ဘာမှပြန်မပြောဘဲ ခပ်ပြုံးပြုံးလုပ်နေ၏။ သူ့အလိုကား ပြည့်လေပြီ။

"အခုလာတာကလေ… ကိုကိုပြန်လိုက်ဖို့… လခကောင်းကောင်း လိုင်းကောင်းကောင်းရအောင်"ဟု သူမက ဆက်ပြောသည်။

ထို့ကြောင့် ကျွန်ုပ်က သိမ်းဆည်းထားသော မှတ်စုထဲမှ ယတြာကို သူမအား ကူးရေးစေပါသည်။

"လုပ်ရတာ အဆင်ပြေလိုက်တာ လွယ်လွယ်လေး"ဟု ပြောကာ အပြေးအလွှားပြန်သွားလေသည်။

များမကြာမီ ကာလအတွင်း သူမ၏ခင်ပွန်းသည် လခကောင်းစွာနှင့် အလွန်ကောင်းသောလိုင်းမှ လုပ်ငန်းကို ရရှိကြောင်း ပြောလာပါသည်။

*ကျွန်ုပ်ဆောင်ရွက်စေလိုက်သော အစီအမံကို ဖော်ပြလိုက်ပါသည်။*

*အလျား (၄)လက်မရှိသော လော်တက်ပုံတစ်ခုကို နေ့သားအလိုက် သက်ဆိုင်ရာအသားနှင့်ပြုလုပ်ပါ။ ၎င်းနောက် လော်တက်ကို ရွှေချပါ။ ကြည့်မှန်တစ်ချပ်ပေါ်တွင် ထောင်ပြီးချိတ်ထားပါ။*

| နေ့သား | လှော်တက်ပြုလုပ်ရန်အသား |
| --- | --- |
| တနင်္ဂနွေ | အုန်း |
| တနင်္လာ | ကံ့ကော် |
| အင်္ဂါ | ဆီး |
| ဗုဒ္ဓဟူး | ယဲယို |
| ရာဟု | ယဲယို |
| ကြာသပတေး | ပေါက် |
| သောကြာ | သီး |
| စနေ | ဒန်း |

***ဆိုလိုသည်မှာ တနင်္ဂနွေသားသဘော်သားအတွက် အုန်းသားနှင့် (၄)လက်မအလျားရှိသော လှော်တက်တစ်ခုလုပ်ပြီး ရွှေချကာ မှန်တစ်ချပ်ပေါ်တွင် ချိတ်ဆွဲပါက လိုရာပြည့်စေသည်။ လိုင်းကောင်းရ၊ လခကောင်းရစေမည်။***

ထိုကဲ့သို့ဖြင့် ကာလအတန်ကြာခဲ့ရာ တစ်နေ့ သဘော်သားကတော် မပြုံးရောက်လာပြန်သည်။

''ကဲပြော ပြန်မလာအောင် ကြာကြာနေအောင် ယတြာလုပ်ချင်တာလား''ဟု သူမ ဘာမှမပြောမီ ကြိုမေးလိုက်ရာ။

''ဒီလိုလဲ မဟုတ်ပါဘူး၊ ဒါပေမယ့် သူ ခရီးသွားနေတုန်း အန္တရယ်ကင်း ဘေးရှင်းအောင် လုပ်ချင်လို့ပါ''ဟု ပြောလာ၏။

ကျေးဇူးရှင်ခင်ပွန်းသည် ခရီးသွားစဉ်ကာလအတောအတွင်း ခလုတ်မထိ ဆူးမငြိဘဲ ကျန်းကျန်းမာမာ အဆင်ပြေပြေနှင့် အလုံးစုံ ဘေးရန်ကင်းစေရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို လာမေးရာ လိုအပ်သော အစီအမံ၊ အစီအရင်များကို သူမအား ပြောလိုက်ပါသည်။ ဤနည်းကို ဆောင်ရွက်ကြည့်ရာ အဆင်ပြေလှသဖြင့် သူမ၏ မိတ်ဆွေ

သဘော်သားကတော်များကိုလည်း ပေးလိုကြောင်းပြောရာ ကျွန်ုပ်သည် အောက်ပါအတိုင်းရေး၍ သူ့မအား ပေးလိုက်ပါသည်။

တနင်္ဂနွေသားအတွက် ငှက်ပျောသီး (၁၀)လုံးကို အခွံနွာ၍ ကြွေပန်းကန်ပြားတွင်ထည့် သကြားဖြူးကာ ဘုရားကပ်လှူပါ။

တနင်္လာသားအတွက် ကြွေပန်းကန်လုံးအတွင်း ဆီးသီး (၉)လုံး ထည့်၍ သကြားဖြူးကာ ဘုရားကပ်လှူပါ။

အင်္ဂါသားအတွက် ပန်းကန်ပြားထဲရှောက်ယို (၅)ပုံပုံ၍ လှူပါ။

ဗုဒ္ဓဟူး၊ ရာဟုတွင် မွေးဖွားသူအတွက် ပန်းကန်ပြား (၃)ချပ်အတွင်း ပဲပင်ပေါက်ကြော်ထည့်၍ လှူပါ။

ကြာသပတေးနေ့မွေးသူများအတွက် ဆောင်ရွက်ရန်မှာ သရက်သီး (၆)စိတ် ပန်းကန်ပြားတွင် ထည့်၍လှူပါ။

သောကြာနေ့ မွေးသူများအတွက် ဖန်ခွက်ငယ် (၈)ခွက် တွင် နွားနို့ (ကျိုချက်ခြင်းမပြုရသေးသောအစိမ်း) ဘုရားလှူပါ။

စနေနေ့မွေးသောသူများအတွက် အုန်းသီးခြစ်ပြီး ပန်းကန် ပြားငယ် (၈)ချပ်တွင် ထည့်၍ ဘုရားကပ်လှူပါ။

ဤကဲ့သို့ ဆောင်ရွက်ခြင်းကို မွေးရက်၏ နံနက် ၇ း ၂၀ တွင် နေအိမ်ရှိ ဘုရားစင်တွင် ဆောင်ရွက်ရမည်။ တနင်္ဂနွေသား အတွက် တနင်္ဂနွေနေ့ နံနက်(၇)နာရီ (၂၀)မိနစ်တွင် သတ်မှတ်ထား သည်များကို ကပ်လှူပူဇော်မှုပြုရန်ဖြစ်သည်။ တစ်ပတ်လျှင် မွေးရက်တိုင်း တစ်ကြိမ်ဆောင်ရွက်ပါက ခရီးသွားသူက ခရီး အဆင်ပြေ၍ ငွေရကောင်းသော မိတ်များ၊ ကောင်းသော ကျော်ကြားမှုရှိကာ လုပ်ငန်းခွင်တွင် ပျော်ရွှင်မှုများရရှိပေအံ့။

✿ ✿ ✿

# ပစ္စည်းပျောက်ရှာကြပါစို့

မကြာခဏဆိုသလိုပင် ပစ္စည်းပျောက်၍ စိတ်သောကရောက်ရသူများကို တွေ့ရပါသည်။ ဟိုလူယူနိုး၊ သည်လူခိုးနိုးနှင့် စိတ်ရှုပ်ရသည်။ ဤပြဿနာမျိုးကို ကိုင်တွယ်ဖြေရှင်းရန် ရှေးဟောင်းနည်းတစ်ခု ရှိပါသည်။

တနင်္ဂနွေနေ့တွင် ပစ္စည်းပျောက်ပါက ရေနှင့် မကင်းသောနေရာတွင်ရှိမည်။ ရေချိုးခန်း၊ ရေဘုံဘိုင်အနီး၊ လက်ဆေးရေကန်၊ ရေမြောင်းစပ် ရေစပ်စပ်ရှိသောနေရာ၊ စိုစွတ်သောနေရာတွင် ရှာဖွေကပြန်တွေ့မည်ဟု ဆိုပါသည်။

တနင်္လာနေ့တွင် ပစ္စည်းပျောက်ပါက သစ်ပင်ကြား၊ ပန်းရုံကြား၊ မြက်တောကြား၊ ပန်းအိုး၊ ပန်းခင်းအနား သစ်ပင်

စပ်စပ်ရှိရာအရပ်တွင် ရှာဖွေရန် ပြောပါသည်။

**အင်္ဂါနေ့တွင် ပျောက်သည်ဆိုပါက** ကြွက်တွင်း၊ ချိုင့်အတွင်း၊ ပိုက်ခေါင်းအဝ၊ ဂလိုင်ပေါက်၊ အစရှိသောတွင်း၊ အပေါက်ရှိသော နေရာတွင် ရှာဖွေရန် ညွှန်းဆိုပါ၏။

**ဗုဒ္ဓဟူးနေ့တွင် ပျောက်ဆုံးသွားပါက** မိမိနေအိမ်မြောက်ဘက်တွင် ရှာဖွေပါ။ မြောက်ဘက်အရပ်ရှိ နေအိမ်အနီးအပါးတွင် ရှာဖွေပါ။ ၎င်းအရပ်တွင်ရှိသော သူများတွင်မေးပါ။ လူစည်ကားရာ လူများရာတွင် ပျောက်တတ်၏။ ရှာပါ။

**ကြာသပတေးနေ့တွင် ပစ္စည်းပျောက်ပါက** နေအိမ်၏ အနောက်တောင်အရပ်ရှိ မြင့်သောနေရာများတွင် ရှာပါ။ တောင်ပို့၊ ကုန်းမြင့် အမြင့်တင်ထားသော ဘောင်များပေါ်တွင် ရှာ၍တွေ့မည်။

**သောကြာနေ့တွင် ပျောက်ပါက** အနောက်ဘက်လမ်းပေါ်တွင် ရှာဖွေရန် ပြော၏။

**စနေနေ့တွင်ပျောက်ပါက** နေအိမ်အနောက်အရပ်သို့မဟုတ် အနီးအနား၊ အိမ်တွင်းနောက်ဖေး၊ နောက်ဖီ မီးဖို အစရှိသောနေရာတွင် ရှာဖွေရန် ပြောပါသည်။

၎င်းပညာရပ်သည် အတော်အတန်လူသားတို့အတွက် အကျိုးပြုသောနည်းဖြစ်ပါသည်။

ကျွန်ုပ်တို့ ငယ်စဉ်ကာလက ရှေးလူကြီးများသည် ပစ္စည်းပျောက်ပါက အထက်ပါနည်းအတိုင်း ရှာဖွေတွေ့ရှိကြောင်း မှတ်သားမိပါသည်။ ၎င်းထက်ပို၍ အသေးစိတ်ကျသော နည်းတစ်ခုအား လက်တွေ့အသုံးချရန် ထပ်ဆင့်တင်ပြအပ်ပါသည်။

ကျွန်ုပ်မွေးဖွားရာ ပြင်ဦးလွင်မြို့တွင် ''မာလာရုံ'' ကျောင်းတိုက်အမည်ရှိသော ဘုန်းကြီးကျောင်းရှိပါသည်။ ရှေးအခါကပင် မိဘမဲ့များကို

ထားရှိ၍ ဘုန်းကြီးစာသင်ကျောင်းဖွင့်လှစ်ကာ ပညာကောင်းသူများကို ဆရာတော်ကိုယ်တိုင် အတန်းကျောင်း၊ အင်္ဂလိပ်ကျောင်းများသို့ အပ်နှံ စာသင်စေပါသည်။

ပညာအရာတွင် ထက်မြက်ရုံသာမက အလွန်နှံ့စပ်သော ဆရာတော်ကြီးဖြစ်၍ ကိုးကွယ်စည်းကပ်သူ ပေါလှပါသည်။ ကျောက်သင်ပုန်းတစ်ချပ်၊ ကျောက်တံတစ်ချောင်းနှင့် ဆရာတော်အား ပြင်ဦးလွင်အနီးအပါး မသိသူမရှိသလောက်ပင်။

ဆရာတော်၏ စာကြည့်တိုက်တွင် ပေစာများ၊ ပရပိုဒ်များ ရှေးဟောင်းကျမ်းစာများ ဘာသာရေးကျမ်းဂန်များမှအစ နေ့စဉ်သတင်းစာပါ ရှိပေရာ ဗဟုသုတလိုလားသူများ အလွန်အားထားနှစ်သက်၏။

ဆရာတော်၏ မာလာရုံကျောင်းဝင်းကြီးသည် ကျွန်ုပ်၏ နွေရာသီ ပျော်စံရာဒေသဖြစ်ပါသည်။ ဘုန်းကြီးကျောင်းသားများ၊ ကိုရင်ငယ်များနှင့် ကျွန်ုပ်တို့သည် ဖြောင်းဆန်အောင် ဆော့ရာမှ မကြာခဏဒါဏ်ထားခံရသည်။ စာကြည့်တိုက် ဖုန်သုတ်ရခြင်း၊ ပေစာများ နေလှမ်းရသော အပြစ်ကို ခံယူရပါသည်။

ပေစာထုပ်များအနက် ကြေးပြားပေါ်တွင် ထွင်း၍ရေးထားသော ပရပိုဒ်ကို ကျွန်ုပ်အလွန်သဘောကျပါသည်။ ဖတ်၍ နားမလည်ပါ။ မြန်မာစာဖြစ်သော်လည်း ကျွန်ုပ်နားမလည်သောစာဖြစ်၍ ဆရာတော်ထံ ထိုမြန်မာစာဖတ်နည်းကို မေးရင်း၊ ပစ္စည်းပျောက်ရှာဖွေသော ကြေးပရပိုက်ကျမ်းတစ်ဆူဖြစ်ကြောင်း သိရှိလာပါသည်။ ဆရာတော်၏ ကျေးဇူးတော်ကြောင့် စကားပြေနှင့် ဘာသာပြန်ထားသော မှတ်စုကို ယနေ့တိုင် သိမ်းထား၍ အသုံးပြုရာ အလွန်ကောင်းစွာ ထိရောက်အကျိုးရှိလှသဖြင့် ထပ်ဆင့်ပညာဖြန့်ဝေအပ်ပါသည်။

ပစ္စည်းပျောက်ပါက…

၁။ ပျောက်သောနေ့ဂဏန်း

၂။ ပျောက်သောသူ၏ မွေးနေ့ဂဏန်း

၃။ ပျောက်သူ၏ အသက်

၄။ ပျောက်သော ပစ္စည်း၏ နံဂဏန်း

ထို (၄)မျိုးကိုပေါင်းပါ။ ရလာဒ်ကို (၃)ဂဏန်းနှင့် ထပ်ပေါင်းပါ။ ရသော ဂဏန်းကိုကြည့်၍ ဟောပြောခြင်းပြုသော နည်းဖြစ်ပါသည်။

ဥပမာ။ ပျောက်သောနေ့ စနေနေ့ ၇

ပျောက်သောသူ တနင်္ဂနွေသား ၁

၎င်း၏အသက် ၃၆ နှစ်

ပျောက်သောပစ္စည်း စိန်လက်စွပ် = စိန် + လက် + စွပ်

= ၃ + ၄ + ၃

= ၁၀

၎င်းအားလုံးပေါင်း= ၇ + ၁ + ၃၆ + ၁၀

= ၅၄

ရရှိသော ဂဏန်းကို (၃)နှင့် ထပ်ပေါင်းသော် (၅၇)ရပါ၏။

(၅၇)၏ အဖြေကို ကြည့်သော် "မိမိထံတွင်ရှိနေသေး၊ စနစ်တကျရှာ"ဟူသော အဖြေတွေ့လိမ့်မည်။

အဖြေပေါင်း (၈၄)ခု အထိပေးထားပါသည်။ (၈၄)ဂဏန်းထက် ကျော်သော သင်္ချာရလာဒ်ရရှိပါက ၎င်းဂဏန်းကြီးထဲမှ (၈၄)ကို နုတ်ပါ။ အကြွင်းကို ကြည့်၍ အဖြေရှာဟောကိန်းထုတ်မည်။

## ဟောကိန်း (၈၄)ပါး

၁။ ညည့်ခန်းမှာရှိ၏။ အခန်းစည်း၊ စားပွဲခင်း၊ ပိတ်ဖြူစခင်းထားသောနေရာတွင်ရှာပါ။
၂။ မီးဖိုဆောင်က ကြောင်အိမ်ဖြစ်စေ၊ ရေခဲသေတ္တာထဲမှာ ဖြစ်စေရှာပါ။
၃။ လူဝင်ပေါက်၊ တံခါးပေါက်နားက သတင်းစာပုံ၊ စက္ကူပုံ၊ စာအုပ်ပုံကြားမှာရှာပါ။
၄။ ပစ္စည်းအထားမှားသည်။ အိမ်တွင်းရှိသေးသည်။ သပြေတစ်ညွန့်ဆောင်၍ရှာပါ။ မပျောက်ပါ။
၅။ ဦးထုပ်၊ ခမောက်အစရှိတဲ့ ခေါင်းဆောင်းတဲ့ပစ္စည်းများ၏အနီးအပါးမှာရှာပါ။
၆။ ဖိနပ်၊ ဖိနပ်ချွတ်တွင်ရှိပါလိမ့်မည်။
၇။ အဝတ်ဗီရိုထဲမှာ သေချာပြန်ရှာပါ။
၈။ တန်း၊ ဆင့်၊ စင် တစ်ခုခုအပေါ်မှာရှာပါ။ သေချာတာက တန်းတစ်ခုပေါ် တင်ထားမိမှာပါ။
၉။ ကလေးတစ်ဦးကစားလက်ဆော့ပြီး အဝတ်ပုံကြားထည့်ထားပါတယ်။
၁၀။ အိမ်ခန်းထဲ စနစ်တကျရှာကြည့်ပါ။
၁၁။ ရေစင်၊ ရေတိုင်ကီ၊ လက်ဆေးကန်၊ ရေအိုး၊ အဝတ်လျှော်ရာနေရာမှာရှာပါ။
၁၂။ စာကြည့်ခန်း၊ ရုံးခန်း၊ စာအုပ်စင်၊ စာအုပ်ပုံ၊ ဗိုင်တွဲတွေကြားထဲမှာရှိနေတယ်။ ရှာကြည့်ပါ။

၁၃။ ခြံထဲက ပန်းအိုးတွေနားရှာပါ။ ဒါမှမဟုတ် အိမ်ထဲ ပန်းတင်ထားတဲ့စားပွဲ၊ စင်ပေါ်ရှာပါ။ အပေါ်အင်္ကျီအိတ်ကပ်ထဲ နှိုက်ကြည့်ပါဦး။

၁၄။ အိမ်ထဲက ရေဆိုးထုတ်မြောင်းထဲ သွားရှာကြည့်ပါဦး၊ ပြန်မရဖို့ များနေတယ်၊ ဒါပေမယ့် ကြိုးစားရှာကြည့်ပါ။

၁၅။ အိမ်မှာရှိသော အမျိုးသမီးကြီးများ၊ အိမ်ထောင်ထိန်းသိမ်းသူများအား မေးကြည့်ပါ။

၁၆။ ပြန်တွေ့မည်၊ ကျောက်ပျဉ်ပေါ် ဖယောင်းတိုင် တင်ထွန်းပါ။

၁၇။ ဓာတ်ပုံကြီးတွေ ချိတ်ထားတဲ့နေရာတဝိုက်၊ ဒါမှမဟုတ် ဓာတ်ပုံအယ်လဘမ်အပုံနားမှာရှာပါ။

၁၈။ အဝတ်ဟောင်းပုံကြား၊ အဝတ်ခေါက်ကြားတွေမှာရှာပါ။

၁၉။ အိမ်ခြံဝင်း၊ အိမ်အနီးအပါး သစ်ပင်ကြား မြက်ခင်းစပ်၊ ချုံထူသော အပင်ထူသောနေရာတွင်ရှာပါ။

၂၀။ အသိမ်းလွန်နေခြင်းသာ ဖြစ်တယ်။ ရေအေးအေးတစ်ခွက်သောက်ပြီး မျက်နှာသစ်ပြီးပြန်ရှာပါ။

၂၁။ သေတ္တာထဲရှာပါ။ သို့မဟုတ် တံခါး (၂)ရွက်ရှိသော ဗီရိုထဲရှာပါ။

၂၂။ စင်တစ်ခုခုပေါ်မှာ ဒါမှမဟုတ် အမြင့်တစ်နေရာရာမှာ တင်ထားမိတာပါ။ ပြန်ရှာရင် တွေ့ပါလိမ့်မည်။

၂၃။ အဝတ်လျှော်စက်၊ လျှော်ဖို့ ပုံထားတဲ့ အဝတ်တွေကြားမှာ ရှာကြည့်ပါ။

၂၄။ မပျောက်ပါဘူး ကိုယ့်အနီးအနား၊ ကိုယ့်အံဆွဲထဲမှာ ရှာကြည့်ပါ။

၂၅။ မကြာသေးခင်က ဝယ်လာတဲ့ပစ္စည်းဘေး၊ ဒါမှမဟုတ် နေရာရွှေ့ထားတဲ့ ပစ္စည်းဘေး အနီးမှာ ရှာကြည့်ပါ။

၂၆။ အမြင်မတော် ပစ္စလက်ခတ်ထားလို့ သူတစ်ပါးက သိမ်းပေးထားတာပါ။

၂၇။ တစ်ယောက်တည်းရှာလို့တော့ မရဘူး၊ ဝိုင်းရှာပါ။ အိမ်မှာနိုင်းထားသောသူများ ရှိပါက အတူဝိုင်းရှာပါစေ။ ပြန်တွေ့မည်။

၂၈။ အခိုးခံရတာ၊ ဒါမှမဟုတ် တစ်ပါးသူလက်ရောက်သွားပြီ။ ပြန်မရတော့ပါ။

၂၉။ တစ်ယောက်ယောက် ယူထားပါတယ်။ အိမ်အပြင်မရောက်သေးပါ။ ပရိယာယ်သုံးပြီး မသက်ာသူကို မေးလိုက်ပါ။ မကြာခင် သူ့နေရာသူ မသိမသာ ပြန်ထားပါလိမ့်မည်။

၃၀။ ကလေးတွေ ယူဆော့ရင်း ပျောက်သွားပါပြီ၊ ရှာမနေပါနဲ့တော့ အပြင်ရောက်သွားပြီ။

၃၁။ ပန်းကန်ဆေးတဲ့နေရာ၊ ကြောင်အိမ်၊ ရေမြောင်းထဲမှာ ရှိနေပါတယ်။

၃၂။ ဝရံတာ ခုံအနားမှာရှိပါတယ်။ သေချာရှာပါ။

၃၃။ အဝတ်အစားပုံကြား၊ မီးပူတိုက်ပြီး မသိမ်းရသေးသော အဝတ်ပုံကြားမှာ ပြန်တွေ့ပါလိမ့်မည်။

၃၄။ မီးဖိုအခန်းထဲ၊ မီးဖိုနားမှာ ပြန်တွေ့ပါလိမ့်မည်။

၃၅။ အဝတ်လျှော်စက်၊ အဝတ်လျှော်သောနေရာ၊ ဆပ်ပြာခွက်နားရှာပါ။

၃၆။ ကလေးထိန်းသောသူ တစ်ဦးထံမှ ပြန်ရပါလိမ့်မည်။

၃၇။ ဘုရားခန်းထဲမှာ ရှိလိမ့်မယ်၊ ရှာကြည့်ပါ။

၃၈။ ရေချိုးခန်း၊ ရေချိုးတဲ့နေရာမှာ ကျန်ခဲ့တယ်။ ပြန်ရှာကြည့်ပါ။

၃၉။ အပြင်မရောက်သေးပါဘူး၊ စင်တစ်ခုခု၊ အမြင့်တစ်နေရာရာမှာ ရှိနေပါသည်။

၄၀။ အဝတ်အစားထားသောနေရာ၊ အဝတ်ပုံကြားမှာရှာပါ။ ထမီ၊ ပုဆိုးပုံကြား သေချာရှာပါ။

၄၁။ မိန်းမစီးဖိနပ်ထားသောစင် နေရာအနီးအပါးမှာ ရှာတွေ့ပါလိမ့်မည်။

၄၂။ ရေနဲ့နီးသော နေရာမှာ သဲလွန်စရှာပြီး ဆက်လိုက်ပေတော့။

၄၃။ စတိုခန်း၊ မသုံးဘဲပစ်ထားသော ဖုံတက်နေသော ပစ္စည်းပုံကြားမှာ ရှာကြည့်ပါ။

၄၄။ မီးကြို၊ မီးသီးထားတဲ့နေရာ၊ ဆီပုံး၊ ဆီအိုး၊ ဆန်အိုးနားမှာ ရှာကြည့်ပါ။ ပြန်တွေ့မှာပါ။

၄၅။ တစ်နေရာရာမှာ တင်ထားပြီး မေ့ကျန်ခဲ့တာပါ။ စင်တစ်ခုခုပေါ်မှာရှာကြည့်ပါ။

၄၆။ သူတစ်ပါးက သိမ်းထားပါတယ်။ အမေ၊ အစ်မ၊ မိန်းမက သိမ်းထားတာပါ။

၄၇။ အလုပ်သမားက ယူသွားပါတယ်။ (၂)ယောက် ပေါင်းပြီး ယူသွားတာပါ။ ပြန်မရတော့ပါ။

၄၈။ ရေချိုးတဲ့နေရာမှာရှာပါ။ ရေချိုးခန်း၊ ရေအိမ်၊ လက်ဆေး၊ ပန်းကန်ဆေးတဲ့နေရာမှာရှာပါ။

၄၉။ ပြန်မရတော့ပါ။ အပြင်ရောက်သွားပြီ။ လက်လွန်သွားပြီပေါ့။

၅၀။ ပြန်တွေ့မယ်။ ခြေဆေးလက်ဆေးလုပ်ပြီး အိမ်ရှေ့မှာ ခဏနားပြီး ပြန်ရှာပါ။

၅၁။ ပန်းကန်ဆေး၊ လက်ဆေးသောဆပ်ပြာနှင့် ရေနှင့်အတူ တွဲရှိနေသောနေရာတွင် ရှာဖွေပါ။

၅၂။ အခြေအနေမကောင်းပါ။ အိမ်ထဲမှာ မရှိတော့ဘူး။ ပစ္စည်းက လက်လွှန်သွားပြီ။ လက်ပြောင်းသွားပြီ။ ပျောက်တာ မဟုတ်ဘူး၊ အခိုးခံရတာ။

၅၃။ အိမ်မှာခေါ်ထားတဲ့ တစိမ်းယူထားပါတယ်။ ပြန်ရပါလိမ့်မည်။ လိုချင်လို့ အလွယ်ရလို့ အလစ်ယူတာ ပြန်ထားမှာပါ။

၅၄။ ကလေးတွေကို ချိုချဉ်ကြွေးပြီး ရှာခိုင်းပါ။ ပြန်တွေ့ပါလိမ့်မည်။

၅၅။ ရေစီးလမ်း၊ မြောင်း၊ ရေစီးဆင်းရာ တစ်လျှောက်နဲ့ ရေလောင်းတဲ့ ပိုက်ခွေထားတဲ့ နေရာမှာ ရှာတွေ့မှာပါ။

၅၆။ ခေါင်းအေးအေးနဲ့ နောက်ဆုံးထားခဲ့တဲ့ နေရာမှာပဲ ပြန်ရှာကြည့်ပါ။

၅၇။ ပစ္စည်းအပြင်မရောက်ဘူး၊ ကိုယ့်ဆီမှာပဲ ရှိနေသေးတယ်။ ခရေစေ့တွင်းကျ ဆောင်ပြီး ရှာဖွေပါ။

၅၈။ လွှန်သွားပြီ၊ ဆုံးသွားပါပြီ။ အတွင်းလူက လက်လွှဲလိုက်ပြီ။ ပစ္စည်းတော့ပြန်မရ၊ ခိုးသူပေါ်မှာပါ။

၅၉။ အတွင်းလူယူထားတယ်။ ပစ္စည်းကအပြင်မရောက်သေးဘူး၊ ဖွက်ထားတယ်။ ကလေးပစ္စည်း၊ ကလေးကစားစရာအရုပ်တွေထဲမှာရှာကြည့်ပါ။

၆၀။ တကယ်ပျောက်ဆုံးသွားပြီ။ ပြန်ရဖို့အလားအလာမရှိသလောက်ပါပဲ။ ယူသည့်သူကိုလည်း မသိနိုင်။

၆၁။ ဖိနပ်ကြား၊ ဖိနပ်ချွတ်၊ ဖိနပ်စင်ဘေးမှာ ရှာကြည့်ပါ။

၆၂။ ပစ္စည်းက အပြင်ရောက်သွားပြီ။ ပြန်ရဖို့မရှိသလောက်ပါ။

၆၃။ အိမ်ကပစ္စည်း အဟောင်းတွေထားတဲ့ အခန်းထဲမှာ ဖြစ်စေ၊ ပစ္စည်းဟောင်း ဆိုင်က ဝယ်လာတဲ့ ပစ္စည်းအနီးအနားမှာ ဖြစ်စေ ရှာကြည့်ပါ။

၆၄။ ပြန်ရမှာပါ။ ခေါင်းအေးအေးပြန်စဉ်းစားပါ။ အထားမှားတာ သေချာပါတယ်။

၆၅။ ဒီပျောက်တဲ့ကိစ္စ သက်ဆိုင်ရာသာ တိုင်ပေတော့။

၆၆။ အဝတ်ဗီရို၊ အဝတ်ခြင်းတောင်းကြားမှာ ရှာပေရော့။

၆၇။ ကလေးတစ်ယောက်ယောက်ကို အအေးတိုက်ပြီး ရှာခိုင်းပါ။

၆၈။ အမြင့်တစ်နေရာမှာ ရှိပါတယ်။ သေချာကြည့်ပါ။ သွပ်ပြား၊ အမိုးပြား၊ အမိုးအကာတွေ နားမှာလည်း ရှာကြည့်ပါ။

၆၉။ အဝင်ပေါက်၊ တံခါးအနီးအနားမှာရှာပါ။

၇၀။ လုံးဝမပျောက်ပါဘူး၊ ရေစိုတဲ့နေရာ၊ ရေကန်၊ ရေမြောင်း၊ အနားမှာရှိပါတယ်။

၇၁။ ဖိနပ်ထားတဲ့နေရာ၊ ခြေထောက်နာတုန်းကလိမ်းတဲ့ ဆေးဘူး ထားတဲ့နေရာနားမှာ ရှာကြည့်ပါ။ ခြေသုတ်ခုံရှိရင် အဲဒီနားမှာ ရှာကြည့်ပါဦး။

၇၂။ ရေအိုး၊ ရေကန်၊ ရေချိုးခန်းနားမှာ ရှိနေပါတယ်။

၇၃။ ဒီပျောက်ဆုံးခြင်းက ကြီးပါတယ်။ ရဲနဲ့သာ တိုင်ချက်အမှုဖွင့် လိုက်ပါတော့။

၇၄။ ကိုယ်တိုင် ရှာလို့ မတွေ့နိုင်။ တစ်ယောက်ယောက်ကို ရှာခိုင်း ပြီး တွေ့ရင် မုန့်ဖိုးပေးလိုက်ပါ။

၇၅။ လွန်သွားပြီ။ ပြန်မရနိုင်။ ဆုံးပြီ။

၇၆။ ရေခဲသေတ္တာ၊ မုန့်ဘူး၊ စားစရာတွေထားတဲ့နေရာမှာ ရှိနေပါ သေးတယ်။ ရှာကြည့်ပါ။

၇၇။ အိမ်ပြင်ရောက်နေပြီ သတင်းစနည်းနာပြီးရှာပါ။ ပြန်ရဖို့ကတော့ ၅၀% ပါပဲ။

၇၈။ ပြန်ရဖို့ ဖြစ်နိုင်စွမ်းနည်းသွားပြီ။

၇၉။ သံချောင်း၊ သံတူ၊ သံဘူးတွေထားတဲ့နေရာ၊ သံ၊ သွပ်၊ သစ်ပုံဘေးမှာ၊ ရှာကြည့်ပါ။

၈၀။ လွယ်အိတ်၊ လက်ဆွဲအိတ်၊ လက်ဆွဲသေတ္တာထဲမှာ ရှာကြည့်ပါ။

၈၁။ အဝတ်ပုံကြားထဲမှာ ရှာကြည့်ပါ။

၈၂။ မီးဖိုချောင်၊ ထမင်းစားခန်း၊ ထမင်းချက်တဲ့နေရာမှာ ရှာကြည့်ပါ။

၈၃။ ရေတိုင်ကီ၊ ရေကန်၊ ရေတာစိစက်စက်ကျနေသော ရေဘုံဘိုင်၊ ရေတံလျှောက်ထဲမှာ ရှာကြည့်ပါ။

၈၄။ အိမ်ထဲမှာပဲ ရှိပါတယ်။ အိမ်ရှေ့ခန်း၊ အိပ်ခန်းထဲမှာရှိတဲ့ လက်ဆွဲသေတ္တာထဲမှာ ရှာကြည့်ပါ။

ပစ္စည်းပျောက်သောအခါ ချက်ချင်းသိလျှင်သိချင်း ဤနည်းသုံး၍ ရှာပါက အထူးတိုက်တိုက်ဆိုင်ဆိုင် လက်တွေ့အသုံးကျမည်။ လွန်ခဲ့သော တစ်လ၊ တစ်နှစ် အချိန်ကြာပါက ပျောက်သည်ကိုမူ ဤစနစ်သည် အသုံးမတဲ့နိုင်ပေ။

❁ ❁ ❁

မဲ့ဇာဏီဘို